## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံးတန်ခိုးတော်ဖြင့် တောက်ပ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၂၉)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ တနင်္ဂနွေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြိမ်(၃၀)မြောက် ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်း စာအုပ်စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်း

စာ - ၁၆ သို့

(ပခုက္ကူဦးအုံးဖေစာပေဆုချီးမြှင့်ပွဲ ဂုဏ်ပြုစာမူ)

### အကြိမ် (၃၀)မြောက် မှသည် ရတုအဆက်ဆက်ဆီ

ဆောင်းပါး စာ - ၁၃ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များကို ဥပဒေနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့်စိစစ်ခွင့်ပြုပေးလျက်ရှိပြီး ယနေ့အထိ လျှောက်ထားသည့်ပါတီ ၆၇ ပါတီရှိကြောင်း၊ ယင်းပါတီများအနက် မှတ်ပုံတင်ခွင့်ပြုပြီးသည့်ပါတီ ၅၁ ပါတီရှိပြီး **စာမျက်နှာ ၁၂ ကော်လံ ၁ ❍**




သဘာဝအစစ်မို့ အရသာထူး စိတ်ရှင်ကြည်နူး

ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၅ ရက်)

# လူငယ်များနှင့် ဘက်စုံပညာရေး

ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကိုပိုင်စိုးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များဖြစ်ကြသည်။ လူငယ်များကို စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့်လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ လူငယ်များကို စနစ်တကျမှန်မှန်ကန်ကန်လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင်တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ မြန်မာလူငယ်များမှာ မိဘဆရာသမားနှင့်ဘာသာတရား၏အဆုံးအမများဖြင့် ကြီးပြင်းလာကြသူများဖြစ်၍ နိုင်ငံနှင့်အများအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်မည့်သူများဖြစ်သည်။ အနည်းငယ်မျှသောလမ်းကြောင်းအမှားသို့ လျှောက်လှမ်းသူလူငယ်များရှိနေသော်လည်း လူငယ်အများစုမှာ လိမ္မာယဉ်ကျေးသူများဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များပေါများခြင်းပင်ဖြစ်သည်။ ပညာဆိုသည်မှာ အသေးစိတ်သိခြင်း၊ သိအောင်လုပ်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်သိခြင်းတို့ဖြစ်သည်။ ပညာသင်ကြားခြင်းတွင် ကျောင်းသင်ခန်းစာများကိုသင်ယူခြင်းအပြင် ကျောင်းပြင်ပသင်ယူခြင်းနှင့်အတွေ့အကြုံများမှ ကိုယ်တိုင်လေ့လာသင်ယူသွားကြရမည်ဖြစ်သည်။ ပညာတတ်ဖြစ်မှသာ လူ့ဘဝရှင်သန်ရပ်တည်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးများကိုရရှိပြီး စဉ်းစားတွေးခေါ်မှု၊ ပြဿနာကိုဖြေရှင်းတတ်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု စသည့်ပင်ကိုအရည်အသွေးများကို ပိုင်ဆိုင်လာမည်ဖြစ်သည်။

အရည်အသွေးမြင့်သည့်ပညာရပ်များကို တတ်ကျွမ်းသူများသည် ဝင်ငွေကောင်းသည့်အလုပ်အကိုင်ကောင်းများကိုရရှိနိုင်သည်။ ဆန်းသစ်တီထွင်တတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်သူများဖြစ်လာကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁)နိုင်ငံတော်အခြေခံမူများပုဒ်မ(၃၃)တွင် "နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့်ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်" ဟုပြဋ္ဌာန်းထားပြီးဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးသည် နိုင်ငံသားတိုင်းတွင်ရှိရမည့်စိတ်ဓာတ်ဖြစ်သည်။ လူငယ်ဘဝကတည်းက မိမိနိုင်ငံ၊ မိမိလူမျိုးကိုချစ်တတ်သည့်စိတ်ဓာတ်ကို မွေးမြူပေးကြရမည်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ကမ္ဘာ့နိုင်ငံတိုင်းတွင်ကျင့်သုံးနေသည့်စိတ်ဓာတ်ဖြစ်သည်။ ဘာသာစကားမတူကြသော်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်မှာမူ အတူတူပင်ဖြစ်သည်ဟုဆိုနိုင်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးဟုဆိုရာ၌ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားအပေါင်းကိုညွှန်းဆိုခြင်းဖြစ်သည်။ တိုင်းရင်းသားအပေါင်းတို့သည် ဤမြေ၊ ဤရေ၊ ဤလေထုတွင် နှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှနေထိုင်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ လူငယ်ဆိုသည်မှာ လူ့ဘဝခရီးအစ၏ပထမအရွယ်ဖြစ်သည့်အတွက် လူငယ်ကဏ္ဍမြင့်မားရေးကိုဆောင်ရွက်ခြင်းမှာ နိုင်ငံ့အနာဂတ်ကိုအလှဆင်ခြင်းဖြစ်သည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏လက်အောက်တွင် စတင်ဖွဲ့စည်းထားသည့် လူငယ်ရေးရာဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်များမှာ (က) နိုင်ငံတကာအသိုက်အဝန်းတွင် မြန်မာလူငယ်များ၏ အဆင့်အတန်းမြင့်မားစေရေးအတွက် ဖော်ဆောင်ပေးရေး၊ (ခ)လူငယ်များနိုင်ငံ့သားကောင်းပီသစွာနေထိုင်ပြီး လေးစားစွာလိုက်နာဆောင်ရွက်ရေး၊ (ဂ) လူငယ်တို့၏ရုပ်ပိုင်း၊ စိတ်ပိုင်း၊ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ (ဃ) အားကစားကဏ္ဍတွင် မသန်စွမ်းအားကစားသမားများအပါအဝင် လူငယ်အားကစားသမားကောင်းများပေါ်ထွက်လာစေရေး၊ (င) မသန်စွမ်းလူငယ်များ၏ အခွင့်အရေးကာကွယ်ရေးနှင့် မသန်စွမ်းလူငယ်များဘဝမြှင့်တင်ပေးရေး၊ (စ) လူငယ်များအသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်တန်းကျောင်းများဖွင့်လှစ်နိုင်ရေးတို့ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မျိုးဆက်သစ်လူငယ်များကို အသိပညာ၊ အတတ်ပညာပြည့်စုံပြီး အနာဂတ်နိုင်ငံတော်အတွက် သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်လျက်ရှိသည်။ လူငယ်များကို အနည်းဆုံးအလယ်တန်းအဆင့် တတ်မြောက်နိုင်ရန်လိုအပ်သဖြင့် KG+9 ပညာရေးကို မဖြစ်မနေသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး KG+9 အောင်မြင်သူများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများတွင် ဆက်လက်ပညာလေ့လာသင်ယူနိုင်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော်လူငယ်များအနေဖြင့် မိမိတို့၏ဘဝတက်လမ်းကို မိမိတို့၏ကြိုးစားအားထုတ်မှုဖြင့်သာ ဆောင်ရွက်ကြရမည်ဖြစ်ပေရာ ဘက်စုံပညာရေးစနစ်တွင် နိုင်ငံတော်၏အနာဂတ်အတွက် အကောင်းဆုံးဖြစ်အောင်ကြိုးပမ်းကြရန်ဖြစ်ပါကြောင်း။ ။

# ကျောက်ဆည်မြို့နယ်၌ မိုးချည်မျှင်ရှည်ဝါ ဧက ၃၈၈၀ လျာထားစိုက်ပျိုးမည်

ကျောက်ဆည် ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆန်စပါး၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံ၊ ဝါသီးနှံ စသည့်သီးနှံများကို စီမံကိန်းသီးနှံအဖြစ် အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်ဧကများတိုးပွားစေရေးတိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးချည်မျှင်ရှည်ဝါဧက ၃၈၈၀ စိုက်ပျိုးရန်လျာထားခဲ့ကြောင်းနှင့် ချည်မျှင်ရှည်ဝါသီးနှံများလျာထားချက်ပြည့်မီကျော်လွန်ရေး ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ချည်မျှင်ရှည်ဝါသီးနှံများကို ရဲဘော်ကြီး၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲကျေးရွာ၊ ကြောင်ကျေးရွာ၊ ကြက်သားဟင်း၊ သင်္ဂတုံ၊ ကလေး၊ မှိုင်းပန်၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း၊ အရှေ့သာဂရ၊ ပြည်တော်သာ၊ သံရွာကျေးရွာ၊ ပေါင်လောင်၊ တောင်တော် ကျေးရွာအုပ်စုတို့နှင့် ကင်းကျေးရွာအုပ်စုတို့တွင် အဓိကထားစိုက်ပျိုးလျက်ရှိသည်။

ချည်မျှင်ရှည်ဝါသီးနှံများ အောင်မြင်ရေးနှင့်ဝါစိုက်ပျိုးသည့်တောင်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)မှ ဒေသနှင့်ကိုက်ညီသော ဝါမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်း၍ ကျေးရွာများအရောက်ကွင်းဆင်းကာ စိုက်ပျိုးမြေအနေအထားများကိုကြည့်ရှု၍ မြေပြုပြင်ချိန်မှစတင်ကာ စိုက်ပျိုးခြင်း၊ အပင်ပြုစုထိန်းသိမ်းခြင်း နည်းပညာများကို စနစ်တကျကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျောက်ဆည်(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် မင်္ဂလာဒီပ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်္ဂလာဒီပ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီးဒေါ်ကြည်ကြည်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သန်းသန်းနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာပေလေ့လာဖတ်ရှုကြစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ရရှိသည့် ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်ရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ နှုတ်စွမ်းရည်များတိုးတက်ပြီး ပရိသတ်ရှေ့တွင်ပြောရဲ၊ ဆိုရဲ၊ ဆွေးနွေးရဲသည့် သတ္တိများရှိလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကို ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သန်းသန်းနွယ်နှင့် ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်သာသနာ၊ နှုတ်ဆိုစကားနားချိုစေ၊ ရွှေရောင်လူငယ်နှင့်ရွှေရောင်အနာဂတ်၊ လူငယ်နှင့်အချိန်တန်ဖိုး၊ လူငယ်နှင့်ရည်မှန်းချက်စသည့် ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြပြီး လူငယ်စကားဝိုင်းတက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းတွင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးကြောင်း သိရသည်။

(၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၂၄(တနင်္ဂနွေနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇာတေး
၄။ ၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၇:၄၀ မျိုးချစ်တပ်မတော်
၆။ ၈:၀၅ မောင်မယ်လေးများသိစေချင်
၇။ ၁၁:၂၀ ပြည်သူ့ကြားကပြည်သူ့စကား
၈။ ၁၂:၁၀ Weekly National News
၉။ ၁၂:၅၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၁၀။ ၁၃:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ ၁၄:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း(၇-ဇနာရီ) (Repeat)
၁၂။ ၁၈:၂၀ အမျိုးသားရေးတေးကဗျာ
၁၃။ ၁၉:၀၀ **တောင်ပိုင်းပိုးလမ်းမသစ် တရုတ်-မြန်မာအခန်းကဏ္ဍ (အပိုင်း ၁၇၊၁၈)**

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး (သဃ်န်းကျွန်းခရိုင်၊ ဒဂုံမြို့သစ်ခရိုင်) ခရိုင်အဆင့်ပြိုင်ပွဲကျင်းပ




ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (သဃ်န်းကျွန်းခရိုင်၊ဒဂုံမြို့သစ်ခရိုင်) ခရိုင်အဆင့်ပြိုင်ပွဲကို ဩဂုတ်လ ၂၄ ရက်တွင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည်။

ရှေးဦးစွာ သဃ်န်းကျွန်းခရိုင်၊ ဒဂုံမြို့သစ်ခရိုင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ သဃ်န်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးထူးလွင်၊ ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ အကအကဲဖြတ်ပညာရှင် ဦးတင်ဦးလေးနှင့် ဒေါ်နွဲ့နွဲ့စန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မဟာရန်ကုန်အောင်စည်မိုး၏သား ထက်ဝေယံက ဆိုင်းလက်စွမ်းပြတီးခတ်၍လည်းကောင်း၊ တေးသံရှင်နန်းအိချိုက ပဒ္ဓသိခ်သီချင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်ရွှေတံဆိပ်ဆုများရှင် စိန်အေးမြင့်က ဇော်ဂျီရုပ်သေးအကဖြင့်လည်းကောင်း၊ ရန်ကင်းပညာရေးဒီဂရီကောလိပ် သင်တန်းသား၊ သင်တန်းသူများက သွေးချင်းတို့မြေသီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြပြီး ဖျော်ဖြေရေးအဖွဲ့များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများပေးအပ်ကာ ပြိုင်ပွဲအစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (သဃ်န်းကျွန်းခရိုင်၊ ဒဂုံမြို့သစ်ခရိုင်) ခရိုင်အဆင့်ပြိုင်ပွဲတွင် မြို့နယ်ရှစ်မြို့နယ်မှ အဆိုဘာသာရပ်၌ ၃၉ ဦး၊ အကဘာသာရပ်၌ ၁၃ ဦး၊ အရေးဘာသာရပ်၌ ၁၀ ဦး၊ အတီးဘာသာရပ်၌ ၃၁ ဦး စုစုပေါင်း ၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၁၂၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေလေးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လ တတိယပတ်တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၁၂၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ လေးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး ဩဂုတ်လ ၁၉ ရက်မှ ၂၃ ရက်အတွင်း စုစုပေါင်းငွေကျပ် ၁၂၄၉၀၂၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၄၁၁၂၈ စောင်ကို အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၂၇၄၅၇၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၃၀၆၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၂၈၄၃၈၃၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၈၁၄၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၁၅၃၀၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၈၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၂၈၆၅၉၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၆၀၂၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၅၇၀၈၀၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၀၃၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ သုံးပုံနှစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၆၅၆၃၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၃၈၃၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၄၁၆၂၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၉၀၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ထက်ဝက်ခန့်အထိ အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၂၂၃၈၃၀၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၆၉၃၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ထက်ဝက်ခန့် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# NSSA မှ အရည်အချင်းပြည့်မီသူ ၂၆၀၀၀ ကျော်ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များပေးအပ်ထား

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇူလိုင်လကုန်အထိ အရည်အချင်းပြည့်မီသူ ၂၆၀၀၀ ကျော်ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ထားကြောင်း အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ သိရသည်။


လက်ရှိတွင် NSSA အနေဖြင့် ကျန်းမာရေး၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ စိုက်ပျိုးရေး စသည့်လုပ်ငန်းကဏ္ဍ ၁၆ ခုအောက်ရှိ အလုပ်အကိုင်အမျိုးအစား ၅၂ မျိုးကို ကျွမ်းကျင်မှုအဆင့်အလိုက် စစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

"NSSA မှာ ၂၀၁၄ ခုနှစ်ကနေ ၂၀၂၄ ခုနှစ် ဇူလိုင်လကုန်အထိ လာရောက်ဖြေဆိုသူ အမျိုးသား ၁၈၀၂၆ ဦး၊ အမျိုးသမီး ၁၁၃၀၅ ဦး စုစုပေါင်း ၂၉၃၃၁ ဦးရှိပါတယ်။ အဲဒီထဲက စစ်ဆေးအကဲဖြတ်တဲ့အခါမှာ အရည်အချင်းပြည့်မီသူ အမျိုးသား ၁၆၂၅၅ ဦး၊ အမျိုးသမီး ၁၀၆၄၅ ဦး စုစုပေါင်း ၂၆၉၀၀ ဦးရှိခဲ့ပြီး သူတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်တွေ ပေးအပ်ခဲ့ပါတယ်" ဟု အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်မြမြသက်ကပြောသည်။

NSSA မှ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်ရာတွင် သက်ဆိုင်ရာလုပ်ငန်းခွင်များရှိ ကြီးကြပ်ရေးမှူးအဆင့်နှင့် ယင်းအောက်ရှိ လုပ်သားအဆင့်များတွင် လုပ်ကိုင်လိုသူများအား စစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်ကြောင်း၊ ထိုသို့ဆောင်ရွက်ပြီးမှသာ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် အာဆီယံနိုင်ငံများသို့ဖြစ်စေ၊ တခြားပြည်ပနိုင်ငံများသို့ဖြစ်စေ သွားရောက်ရာတွင် NSSA မှ ပေးအပ်သော အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရရှိထားပါက အလုပ်အကိုင်အခွင့်အလမ်းပေါများပြီး လုပ်ခလစာလည်း ပိုမိုရရှိနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**''ဒီတစ်ခါတော့ နောက်ဆုံးအဆင့်ပဲ တတိယအဆင့်တဲ့။ အညံ့ဆုံးအဆင့်ပါပဲ။ စာရွက်အောက်နားက တတိယအဆင့်လို့ရေးထားသည့် အညံ့စားကျောင်းသားများစာရင်းကို ကြည့်လိုက်မိပါတော့သည်။ ထိပ်ပိုင်းကစကြည့်လိုက်ပါပြီ။ ဟိုက် သေပြီမတွေ့ဘူး။ အလယ်အလတ်ပိုင်း ကြည့်လိုက်ပြန်သည်။ ဒီမှာလည်းမတွေ့ပါလား။ အောင်စာရင်းအမည်စာရင်းဆုံးပါတော့မည်။ ကျွန်တော်ဘယ့်နှယ်လုပ်ရပါ့။ ရင်တွေခုန်လိုက်တာ။ ဝမ်းနည်းသလိုလိုခံစားလာရပြီး ငိုချင်စိတ်ပေါက်လာသည်။ ကျွန်တော့်မှာ ဆက်မကြည့်ရဲသလိုဖြစ်မိသည်။ သို့သော် ဆက်မကြည့်ဘဲထားလို့ကားမရ ကြည့်ဖြစ်အောင် ဆက်ကြည့်ဖြစ်လိုက်တော့သည် . . .''**

**ယမန်နေ့မှအဆက်**

ကျွန်တော် ပညာသင်နှစ် နှစ်တစ်ဝက်မှာပဲ အမေတို့ရွာပြန်သွားခဲ့ကြသည်။ ကျွန်တော့်မှာ ယခင်မှီခိုကပ်ရပ်နေခဲ့သည့် အဘွားဒေါ်ရွှေစုဆီမှာပဲ ကျောင်းပြန်တက်ခွင့်ရဖို့ ရှိခိုးပြီးတောင်းဆိုခဲ့သည်။

"ရတယ်လေကွယ်၊ အဘွားကလည်း သားကိုလက်မခံချင်တာမှ မဟုတ်တာ။ ကိုယ့်အဖေ၊ ကိုယ့်အမေ၊ ကိုယ့်ညီမလေး၊ ညီလေးတွေနဲ့နေပြီး ကျောင်းတက်မယ်ပြောလို့ပဲလေ"

"ခုပြန်လာမယ်ဆိုလည်းလာခဲ့လေကွယ်၊ အဘွားမှာလည်း တစ်ယောက်တည်းနေရတာပဲ"

ဤသို့ဖြင့် ကျွန်တော့်မှာ အဘွားမေတ္တာရိပ်အောက်ပြန်ရောက်ခဲ့ရသည်။ ပုံမှန်ကျောင်းပြန်တက်သည်၊ စာဖတ်သည်၊ ကဗျာရေးသည်၊ ဝတ္ထုရေးသည်။ စာကြည့်တိုက်က ဖတ်လိုရာရာစာအုပ်များကိုငှားဖတ်သည်။

အဘွားမှာ ဆေးရွက်ရောင်း၊ ဆေးလိပ်ရောင်းသည့်အပြင် အိမ်ဆိုင်လေးပါတွဲရောင်းသည့်အတွက် ကျွန်တော်ကျောင်းမှပြန်ရောက်လျှင် အိမ်မှုကိစ္စပိုလုပ်လာရသည်။ တစ်ခါတစ်ရံထမင်းဝင်ချက်ရတတ်သည်။ ကျွန်တော်ကျောင်းနေရရေးအတွက် ကိုယ်လုပ်နိုင်သည့် အလုပ်တွေလုပ်ပေးရခြင်းဖြစ်သည့်အပြင် အသက်ကြီးအဘွားကို ကူညီရာလည်းရောက်သည့်အတွက် ကျွန်တော့်မှာ ကုသိုလ်ရသည်ဟုလည်း ခံယူထားသည်။

- - - - - - - - - - - - - - - - - - - - -

ရွက်ဝါကြွေလေပွေ့ဖေ့သည့်နွေတစ်နေ့မှာတော့ ကျောင်းတွင်းအတန်းတင်စာမေးပွဲအောင်စာရင်းတွေ ကြေညာသင်ပုန်းကြီးပေါ်ရောက်ခဲ့ပါလေပြီ။ ကျွန်တော်သည် အောင်စာရင်းကပ်သည့်နေ့ ညနေလေးနာရီ ကျောင်းခြံဝင်းမပိတ်မီကလေးတွင် သွားကြည့်ဖြစ်လိုက်သည်။ ကြေညာသင်ပုန်းကြီးတွင် ပဥ္စမတန်းကနေ အဋ္ဌမတန်းအထိ အတန်းလိုက် အောင်စာရင်းကပ်ထားသည်။ တစ်တန်းချင်းအလိုက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဆိုပြီး အဆင့်သုံးဆင့်ခွဲပြီးကပ်ထားသည်။ ပထမအဆင့်သည် အတန်းလိုက် တော်တဲ့အဆင့် (ကောင်းအဆင့်) သတ်မှတ်ထားခြင်းဖြစ်သည်။ ဒုတိယအဆင့်မှာ အတန်းလိုက် အလယ်အလတ်အဆင့် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး တတိယအဆင့်မှာ အတန်းလိုက်အညံ့ဆင့် (အောက်ဆုံးအဆင့်) ရှိသောအဆင့်ပင်ဖြစ်သည်ဟု ကျွန်တော်နားလည်လိုက်သည်။ ကျွန်တော်အောင်စာရင်းသွားကြည့်သည့်အချိန်တွင် ကျွန်တော်ဟိုဟိုဒီဒီလှမ်းကြည့်လိုက်တော့ ကျွန်တော်တစ်ယောက်မှအပ မည်သူ့ကိုမျှမတွေ့ရတော့ချေ။ အကုန်လုံးကြည့်ပြီးသွားကြပြီ ဖြစ်တန်ရာသည်။

အဋ္ဌမတန်းတဲ့။ ပထမအဆင့်ကို ကျွန်တော်စကြည့်လိုက်သည်။ ထင်သည့်အတိုင်းပါပေ။ ပထမအဆင့်မှာလုံးဝဆိုလုံးဝ ကျွန်တော့်အမည်မပါပါ။ ကျွန်တော့်ရင်ဘတ်ကတော့ အိမ်ကထွက်လာကတည်းက ခုန်ပြီးသား။ ပထမအဆင့်ကနေ ဒုတိယအဆင့်ကြည့်ဖြစ်လိုက်ပြန်ပြီ။ ဒီတစ်ခါတော့ ကျွန်တော့်နာမည်လေးများ တွေ့များတွေ့နိုင်သလားလို့ ကြည့်မိလိုက်ပြန်သည်။ ဒုတိယအဆင့် အောင်စာရင်းသာဆုံးသွားသည်။ ကျွန်တော့်နာမည်ကိုမတွေ့ပါ။ ကျွန်တော့်ရင်ဘတ်ကြီးပိုပြီးအခုန်မြန်လာသည်။ ဤအဋ္ဌမတန်းတည်းဟူသော အတန်းကို ယခင်နှစ်ကလည်း တစ်ကြိမ်ဖြေပြီးပြီ။ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် အဆင့်သုံးဆင့်တွင် သကောင့်သားကျွန်တော်မည်သည့်အဆင့်တွင်မျှမချိတ်ခဲ့လို့ စာမေးပွဲကျခဲ့ရပြီ။ ယခုဒုတိယအကြိမ်ဖြေဆိုရာတွင်လည်း ယခင်နှစ်ကပြဋ္ဌာန်းထားသော ဘာသာရပ်များကိုပဲ ယခင်နှစ်ကအတိုင်း သင်ယူကျက်မှတ်ခဲ့ရသည်။ ဒုတိယအချီ နှစ်လုံးပေါက်ကျက်မှတ်ခဲ့ရခြင်းပင်ဖြစ်ပါသည်။ သို့သော် ယခုအောင်စာရင်းထွက်လာသည့် အချီတွင်ကား ကျွန်တော့်နာမည်ပထမအဆင့်မှာ ပါဝင်ဖို့ဝေးစွ။ ဒုတိယအဆင့် အောင်စာရင်းဆုံးသွားပေပြီ မတွေ့သေး။ ကျွန်တော်ရင်တွေခုန်ရုံမက ကျွန်တော့်ကိုယ်ပေါ်က အင်္ကျီလေးပင်ချွေးများဖြင့် ရွှဲနစ်နေလေပြီ။ အလုပ်အကိုင်အဆင်မပြေ ပင်ပန်းဆင်းရဲခြင်းကြီးစွာခံစားနေရသည့်ကြားက မနိုင်ဝန်ထမ်းဘဝဖြင့် သားကိုပညာတတ်ကြီးဖြစ်စေလိုလို့မြို့ပို့ပြီး ကျောင်းထားပေးခဲ့ကြသော ကျေးဇူးရှင်မိဘနှစ်ပါး၏မျက်နှာကိုလည်း မြင်ယောင်ပြီး ရင်ထဲတွင် ဝေဒနာတစ်ရပ်ရုတ်ချည်းဖြစ်ပေါ်သွားသည်။

ဒီတစ်ခါတော့ နောက်ဆုံးအဆင့်ပဲ တတိယအဆင့်တဲ့။ အညံ့ဆုံးအဆင့်ပါပဲ။ စာရွက်အောက်နားက တတိယအဆင့်လို့ရေးထားသည့် အညံ့စားကျောင်းသားများစာရင်းကိုကြည့်လိုက်မိပါတော့သည်။ ထိပ်ပိုင်းကစကြည့်လိုက်ပါပြီ။ ဟိုက် သေပြီမတွေ့ဘူး။ အလယ်အလတ်ပိုင်း ကြည့်လိုက်ပြန်သည်။ ဒီမှာလည်းမတွေ့ပါလား။ အောင်စာရင်းအမည်စာရင်းဆုံးပါတော့မည်။ ကျွန်တော်ဘယ့်နှယ်လုပ်ရပါ့။ ရင်တွေခုန်လိုက်တာ။ ဝမ်းနည်းသလိုလိုခံစားလာရပြီး ငိုချင်စိတ်ပေါက်လာသည်။ ကျွန်တော့်မှာဆက်မကြည့်ရဲသလိုဖြစ်မိသည်။ သို့သော် ဆက်မကြည့်ဘဲထားလို့ကားမရ ကြည့်ဖြစ်အောင် ဆက်ကြည့်ဖြစ်လိုက်တော့သည်။

"ဟိုက်အောင်ပြီအောင်ပြီငါစာမေးပွဲအောင်ပြီ" အရမ်းဝမ်းသာသွားပြီး ပါးစပ်က လွှတ်ခနဲအသံထွက်သွားတော့သည်။ အသေအချာပြန်ကြည့်လိုက်ပြန်သည်။ ဟုတ်ပါသည်။ တတိယအဆင့်အောင်စာရင်းဆုံးခါနီးအောက်ဆုံးနှစ်ယောက်အပေါ်က သကောင့်သားကျွန်တော်၏ အောင်စာရင်းအမည်ကို တွေ့လိုက်ရပါတော့သည်။

ခုံအမှတ် ၁၆၀၊ မောင်ဘညွှန့်တဲ့ဗျာ။ သို့ဖြစ်ပါကြောင့် ကျွန်တော်ဘညွှန့်သည် အဋ္ဌမတန်းတည်းဟူသော ကျောင်းတွင်းစစ် ရှစ်တန်းစာမေးပွဲကို နှစ်နှစ်တိုင်တိုင်ဖြေဆိုခဲ့ရာ အောင်စာရင်းအဆင့်သုံးဆင့်တွင် အောက်ဆုံးအဆင့်ဖြစ်သော တတိယအဆင့်၌အောင်သည်ဆိုရုံမည်ကာမတ္တသာဖြစ်ပေတော့သည်တကား။ အောင်စာရင်းတတိယအဆင့်အောင်ကြသော ကျောင်းသား၊ ကျောင်းသူများလည်း မလွှဲမရှောင်သာလို့အတန်းတင်ပေးလိုက်ရသော Moderation (စားပွဲထိုင်အအောင်ပေး) ကျောင်းသား၊ ကျောင်းသူများဆိုသည်ကို နောက်မှသိရသည်။

+++++++++++++++++++++++++++++++

**အကြို့တက္ကသိုလ်ဝင်တန်းကျောင်းသား**

၁၉၆၅-၁၉၆၆ ပညာသင်နှစ်အရောက်မှာတော့ ကျွန်းစဉ်သားလေး ကျွန်တော် နဝမတန်းခေါ် အတန်းအမှတ်စဉ် ကိုးတန်းသို့ ရောက်ရှိခဲ့ပါလေပြီ။ တစ်နည်းအားဖြင့် ၁၀ တန်းဆိုလျှင် တက္ကသိုလ်ဝင်တန်းရောက်တော့မှာဖြစ်လို့ ကိုးတန်းကို အကြို့တက္ကသိုလ်ဝင်တန်းဟုလည်း ခေါ်ကြလေ၏။ ပညာရေးဌာနက သတ်မှတ်သည်မှာတော့ H.S.F (High School Final) (တန်းမြင့်ကျောင်းထွက်လက်မှတ်ရစာမေးပွဲ)။ ဤစာမေးပွဲကိုအောင်လျှင် တက္ကသိုလ်ဝင်တန်း (၁၀-တန်း) သို့ တက်လို့ရသည်။ တက္ကသိုလ်ဝင်တန်းမတက်တော့ဘဲ ပညာရေးဌာနသို့ဝင်လျှင် မူလတန်းပြဆရာဖြစ်သည်။ ရုံးဌာနတစ်ခုခုသို့ဝင်လျှင် အောက်တန်းစာရေးရသည်။ မည်သို့ပင်ဆိုစေကာမူ ဘဝရပ်တည်ရေးအတွက် အမှီအခိုလေးတစ်ခုရသွားသည်ဟု ဆိုရမည်ဖြစ်ပေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ချောင်းဆုံမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲကျင်းပ




ချောင်းဆုံ ဩဂုတ် ၂၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဩဂုတ်လ ၂၃ ရက်က ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ချောင်းဆုံ) ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ကာယ/ဉာဏ ဖွံ့ဖြိုးစေသည့် အတွေ့အကြုံဗဟုသုတကောင်းများရရှိစေမည်ဟု ယုံကြည်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လည်း စာကြည့်တိုက်များကို သွားရောက်လေ့လာသည့်အလေ့အကျင့်ကောင်းများ မွေးမြူကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပွဲတော်တွင် စာပေဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ စာဖတ်ဝိုင်း၊ ဓာတ်ပုံပြပွဲ၊ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အရုပ်ဆက်၊ စကားပုံဆက်၊ ဆေးရောင်ခြယ်၊ ခါးကွင်းလှည့်၊ ခွက်နင်းစသည့် ပျော်ရွှင်စရာကစားနည်းများကို အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ချမ်းမြေ့**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

ထားဝယ် ဩဂုတ် ၂၄

တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ထားဝယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းအမှတ်စဉ် (၈/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၂၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။


အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ဝင်းက ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်စေရန်၊ မိသားစုဝင်ငွေတိုးတက်မှုများရှိလာစေရန်နှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများထူထောင်လာနိုင်စေရန်၊ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ပြီး သင်တန်းမှရရှိသော နည်းပညာများကို အသုံးပြု၍ အိမ်တွင်းမှုလုပ်ငန်းများ ထူထောင်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်အောင်က သင်တန်းတွင် သင်ကြားပေးသော ဘာသာရပ်များသည် လက်တွေ့အသုံးဝင်သော ပညာရပ်များဖြစ်သည့်အတွက် မိသားစုဝင်ငွေတိုးစေပြီး လုပ်ငန်းရှင်များ ပေါ်ပေါက်လာစေရန် ရည်ရွယ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဘက်စုံသုံးဆပ်ပြာရည်၊ ရေချိုးဆပ်ပြာပြုလုပ်နည်း၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီပြုလုပ်နည်း၊ လက်ဆေးဆပ်ပြာဆီပြုလုပ်နည်း၊ ဖယောင်းတိုင် (အကြည်၊အနောက်)ပြုလုပ်နည်း၊ မှန်ကြည်ဆေးပြုလုပ်နည်း၊ မျက်နှာသစ်ဆပ်ပြာခဲပြုလုပ်နည်း၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခရင်မ်ပြုလုပ်နည်း၊ အထည်အမွှေးဆီပြုလုပ်နည်း၊ ဆံပင်ပေါင်းဆေးဆီ၊ Herbal Scrub အမျိုးမျိုး၊ Hair Coat၊ Face Scrub ပြုလုပ်နည်းတို့အပါအဝင် နေ့စဉ်အသုံးပြုနေသည့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်နည်းတို့အပြင် လူသုံးကုန်တွင်ပါဝင်သော ဓာတုပစ္စည်းများအကြောင်း သိရှိနိုင်ရန် သင်ကြားဆွေးနွေးခြင်းနှင့်အတူ ဘာသာရပ်များကို တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးအား ဩဂုတ်လ ၂၈ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| နေပြည်တော် (ဥတ္တရသီရိ) | (၄.၈၈)လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိ) | (၄.၃၃)လက်မ |
| မော်လိုက် | (၃.၇၈)လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | (၃.၇၄)လက်မ |
| ကျောက်ဖြူ | (၃.၄၃)လက်မ |
| မဒေါက် | (၃.၀၇)လက်မ |
| ပင်လောင်း | (၂.၇၆)လက်မ |
| ရွှေကျင် | (၂.၁၃)လက်မ |
| ဘီးလင်း | (၂.၀၉)လက်မ |
| တပ်ကုန်း | (၂.၀၅)လက်မ |
| နေပြည်တော် (ဇမ္ဗူသီရိ) | (၂.၀၅)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၅ |
| ရှမ်း(မြောက်) | ၂၂ | ၃၃ |
| ရှမ်း(အရှေ့) | ၂၀ | ၂၇ |
| ရှမ်း(တောင်) | ၁၈ | ၂၃ |
| ချင်း | ၁၅ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၁ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၁ |
| နေပြည်တော် | ၂၄ | ၃၀ |
| မန္တလေး | ၂၅ | ၃၃ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၃ | ၃၁ |
| ပဲခူး | ၂၃ | ၃၁ |
| ရန်ကုန် | ၂၄ | ၃၀ |
| ဧရာဝတီ | ၂၃ | ၃၂ |
| ကယား | ၂၁ | ၃၁ |
| ကရင် | ၂၄ | ၃၁ |
| မွန် | ၂၄ | ၃၁ |
| တနင်္သာရီ | ၂၄ | ၃၂ |

## ကျောင်းကျန်းမာရေးရက်သတ္တပတ်အဖြစ် အသိပညာပေးဟောပြော



ကံမ ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ကံမ)၌ ဩဂုတ်လ ၂၂ ရက်က ကျောင်းကျန်းမာရေးရက်သတ္တပတ်အဖြစ် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝေလင်းဖိုလ်က လူငယ်နှင့်ကျန်းမာရေး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းကြူက မျောက်ကျောက်ရောဂါအကြောင်းနှင့် သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာသဇ္ဇာထွန်းက သွားနှင့်ခံတွင်းကျန်းမာရေးအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ဒေါက်တာဝေလင်းဖိုလ်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား မျက်စိအမြင်အာရုံစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးပေးခြင်းနှင့်အထွေထွေကျန်းမာရေးစစ်ဆေးပေးခြင်းများ ပြုလုပ်ပေးပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုများဆောင်ရွက်ပေးကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## မြေအောက်လမ်းကူးလူသွားဥမင် (Underpass) လုပ်ငန်းဆောင်ရွက်မှု ၇၉ ရာခိုင်နှုန်းကျော်ပြီးစီး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် ပြည်သူ့ရင်ပြင်ကို ဆက်သွယ်တည်ဆောက်သည့် မြေအောက်လမ်းကူးလူသွားဥမင် (Underpass) လုပ်ငန်းဆောင်ရွက်မှု ၇၉ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

လက်ရှိတွင် အကြိုအင်ဂျင်နီယာလုပ်ငန်းနှင့် အပိုင်း(၁) လမ်းလယ်ကျွန်းလုပ်ငန်းပြီးစီးပြီဖြစ်ပြီး အပိုင်း(၂) ဘုရားဘက်ခြမ်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်၊ အပိုင်း(၃) ပြည်သူ့ရင်ပြင်ဘက်ခြမ်းလုပ်ငန်း ၉၂ ရာခိုင်နှုန်းကျော်၊ အချောသပ်လုပ်ငန်းဆောင်ရွက်မှုများနှင့် လုပ်ငန်းတစ်ရပ်လုံး၏ ၇၉ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်သည်။

ထို့အတူ မီးလုပ်ငန်း ၇၂ ရာခိုင်နှုန်းကျော်၊ ရေလုပ်ငန်း ၇၁ ရာခိုင်နှုန်းကျော်၊ လေသန့်လုပ်ငန်း ၆၁ ရာခိုင်နှုန်းကျော်၊ Automation လုပ်ငန်း ၄၉ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်သည်။

အဆိုပါ မြေအောက်လမ်းကူးလူသွားဥမင်သည် ၂၃ ပေ အကျယ်ရှိ မြေအောက်လမ်းကူးလူသွားဥမင်ဖြစ်ပြီး တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ ရွေ့လျားစက်လှေကားလေးစင်း၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအသုံးပြုရန် ၁၀ ယောက်စီးဓာတ်လှေကားနှစ်စင်းပါရှိ၍ စီမံကိန်းခန့်မှန်းလျာထားကာလမှာ ၁၄ လခန့်ဖြစ်သည်။

ရွှေတိဂုံစေတီတော်နှင့် ပြည်သူ့ရင်ပြင်သို့ ပြည်သူများသွားလာရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေပြီး သက်သောင့်သက်သာဖြတ်သန်းသွားလာနိုင်ရန်နှင့် ခေတ်မီအခြေခံအဆောက်အအုံတစ်ခုပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ကြား မြေအောက်လမ်းကူးလူသွားဥမင်ကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝန်းရံခ**

## ကြံခင်းမြို့နယ် နေကြာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်းသားများ ဆွေးနွေးပွဲကျင်းပ

ကြံခင်း ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့် ကြံခင်းမြို့နယ်နေကြာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသားများ ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ်လ ၂၃ ရက်က ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသောင်းထွဋ်လွင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဦးစီးမှူး ဦးစိုင်းကျော်မင်းက သမဝါယမအသင်းသားတောင်သူများ လူမှုစီးပွားဘဝမြင့်မားရေး၊ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍမြင့်မားရေးနှင့် မိုးနေကြာစိုက်ပျိုးထုတ်လုပ်မှုပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာက မိုးနေကြာစိုက်ပျိုးထုတ်လုပ်မှုနှင့် မြို့နယ်နေကြာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေကြာစိုက်ပျိုးရေးပညာရှင် ဦးဝင်းဗိုလ်က နေကြာစိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြီးနောက် တက်ရောက်လာကြသော နေကြာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသားတောင်သူများက သိရှိလိုသောအချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးစိုင်းကျော်မင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသောင်းထွဋ်လွင်၊ နေကြာစိုက်ပျိုးရေးပညာရှင် ဦးဝင်းဗိုလ်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာနှင့် မြို့နယ်နေကြာစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁၂ သင်းမှ အသင်းသားတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ကျင်းပခဲ့သည့် မကုဋာရာမမြန်မာကျောင်းတိုက် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပွဲအခမ်းအနားနှင့် သာသနာရေးဆိုင်ရာအခမ်းအနားများသို့တက်ရောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ



ရန်ကုန် ဩဂုတ် ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ ဩဂုတ်လ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည့် မြန်မာဆရာတော် ဘဒ္ဒန္တဝိနယာလင်္ကာရ စတင်တည်ထောင်ခဲ့သော မြန်မာ့ဂုဏ်ဆောင် မကုဋာရာမမြန်မာကျောင်းတိုက် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် အခြားသာသနာရေးဆိုင်ရာ အခမ်းအနားများသို့တက်ရောက်ပြီး ယမန်နေ့ နံနက်ပိုင်းက သီရိလင်္ကာနိုင်ငံမှရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဩဂုတ်လ ၂၀ ရက်က ကျင်းပခဲ့သည့် မကုဋာရာမမြန်မာကျောင်းတိုက်နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှ ရာမာညနိကာယ မဟာနာယကဆရာတော် ဘဒ္ဒန္တမကုလေဝေဝိမလ၊ ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ဒုတိယနာယကဆရာတော် ဘဒ္ဒန္တကိုတာပီတိယေရာဟုလာ၊ ကလျာဏီယဗုဒ္ဓတက္ကသိုလ်၏ပါမောက္ခချုပ်ဆရာတော်ကောလုပိတိယေမဟိန္ဒအမှူးပြုသော ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သီရိလင်္ကာနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဗန္ဒုလ ဂုဏဝါဒေန၊ သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်မာလာသန်းထိုက်၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး မစ္စပရာဗာချီနီပွန်န ပေရမ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ မကုဋာရာမမြန်မာကျောင်းတိုက်အတွင်း ကျောင်းတိုက်ကိုတည်ထောင်ခဲ့သော မြန်မာဆရာတော် ဘဒ္ဒန္တဝိနယာလင်္ကာရ၏ရုပ်တုနှင့်ကမ္ပည်းမော်ကွန်းကျောက်စာကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာမိနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကျောင်းတိုက်တွင် လက်ရှိသီတင်းသုံး၍ပညာသင်ကြားနေသော သင်တန်းသား ဆရာတော် ဘဒ္ဒန္တကိတ္တိသာရက မကုဋာရာမမြန်မာကျောင်းတိုက်တွင် ပညာသင်ကြားခဲ့မှုများ၊ ကျောင်းတိုက်တည်ထောင်ခဲ့သော ဆရာတော်ကြီးများနှင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် စီမံအုပ်ချုပ်ရေးနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းဖတ်ကြားပူဇော်သည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သောဠသမ ရွှေကျင်သာသနာပိုင် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ အောက်စဖို့ဒ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ၊ သီရိလင်္ကာနိုင်ငံ သျှမ်းနိကာယ ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ် ဒုတိယနာယကဆရာတော် ဘဒ္ဒန္တ ကိုတာပီတိယေရာဟုလာတို့က ဩဝါဒကထာများ မြွက်ကြားတော်မူပြီး သီရိလင်္ကာနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဗန္ဒုလ ဂုဏဝါဒေနကကျောင်းတိုက်၏ နှစ်တစ်ရာပြည့်အခမ်းအနားကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မြန်မာနိုင်ငံနှင့် သီရိလင်္ကာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုခိုင်မြဲ၍ ဗုဒ္ဓသာသနာတော်ဆိုင်ရာကိစ္စရပ်များအပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သီတဂူဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျောင်းစီမံအုပ်ချုပ်ရေးနာယကအဖွဲ့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိကာ သံရုံးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဩဂုတ်လ ၂၁ ရက်က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကန္ဒီမြို့ စွယ်တော်တိုက်ရှိ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်း၍ စွယ်တော်တိုက်အတွင်းရှိ မြန်မာနိုင်ငံပြခန်းအပါအဝင် နိုင်ငံအလိုက်ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သည့်ပြခန်းများကို ကြည့်ရှုလေ့လာခဲ့သည်။ ယင်းနောက် ကန္ဒီမြို့အတွင်းရှိ ကန္ဒီမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တအာစိဏ္ဏထံ သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဩဂုတ်လ ၂၂ ရက် မွန်းလွဲပိုင်းတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည့် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား သီရိလင်္ကာနိုင်ငံ ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ ထေရဝံသလင်္ကာရမဟာဂဏစရိယသဒ္ဓမ္မ ကိတ္တိသိရီ ဘွဲ့တံဆိပ် ဆက်ကပ်သည့်အခမ်းအနားသို့ တက်ရောက်ခဲ့သည်။




အခမ်းအနားတွင် သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရအား ကော့တေးဗုဒ္ဓဘာသာအဖွဲ့ချုပ်က ဆက်ကပ်ချီးမြှင့်သည့် ထေရဝံသလင်္ကာရမဟာဂဏစရိယသဒ္ဓမ္မ ကိတ္တိသိရီဘွဲ့တံဆိပ်အား ဆက်ကပ်ချီးမြှင့်ခဲ့ပြီး ညနေပိုင်းတွင်အခမ်းအနားကို ရုပ်သိမ်းကာ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်ကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(၅၀၀)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

မြစ်သား ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဩဂုတ်လ ၂၃ ရက်က အဆိုပါကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ရန်ပုံငွေအတွက် ငွေပဒေသာပင်စိုက်ထူထားသော အလှူရှင်မိသားစုကိုယ်စား အငြိမ်းစားဆရာမကြီး ဒေါ်ခင်နန်းမြင့်က ထပ်ဆင့်အမှာစကား ပြောကြားခဲ့ပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရှင် မဇွန်အိဖြူ ၊ နှစ်ဘာသာဂုဏ်ထူးရှင် မဝင့်ကြယ်စင်မှူးနှင့် တစ်ဘာသာဂုဏ်ထူးရှင် မောင်မြတ်နိုးအောင်တို့အား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများကိုယ်စား ဆရာမ ဒေါ်နှင်းနန္ဒာအေးက ကျေးဇူးတင်စကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ခြောက်ဘာသာဂုဏ်ထူးရှင် မဇွန်အိဖြူက ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်၊ ငွေပဒေသာပင်စိုက်ထူခဲ့သော မိသားစုဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သီတာအောင်(မြစ်သား)**

# ငလိုက်ရေလှောင်တမံနှင့်ပေါင်းလောင်းရေလှောင်တမံ ကြံ့ခိုင်ရေး၊ ပေါင်းလောင်း ရေပိုလွှဲတွင်တပ်ဆင်ထားသော HED (Hydraulic Elevator Dam) စမ်းသပ်မောင်းနှင်မှု ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းရွာအနီး တမံအလျားပေ ၃၉၈၀၊ တမံအမြင့် ၈၂ ပေ အကျိုးပြုဧရိယာ ၁၇၇၈၄ ဧကရှိသည့် ငလိုက်ရေလှောင်တမံသို့ရောက်ရှိစစ်ဆေးပြီး လက်ရှိရေသိုလှောင်ပမာဏ ၅၈၉၇၄ ဧကပေ သိုလှောင်ထားပြီး၍ မကြာမီရက်များအတွင်း ကန်ရေပြည့်အမှတ်သို့ရောက်ရှိမည်ဖြစ်ရာ ကြိုတင်ဆောင်ရွက်ရမည့် ရေလှောင်တမံဘေးကင်းလုံခြုံရေးလုပ်ငန်းများ အထူးအလေးထားစီမံဆောင်ရွက်ရန်ဆွေးနွေးမှာကြားသည်။

ထို့နောက် ငလိုက်ရေလှောင်တမံနှင့် ရေပိုလွှဲတို့၏ကြံ့ခိုင်မှုအခြေအနေ၊ ရေထုတ်ပြွန်အခြေအနေ၊ ရေသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေလှောင်တမံသို့ရောက်ရှိပြီး တမံကြံ့ခိုင်ရေး၊ ရေပိုလွှဲကြံ့ခိုင်ရေး၊ မူလကန်ရေပြည့်ရေသိုလှောင်ပမာဏထက် ရေလှောင်ပမာဏ ဧကပေ ၂၁၀၀၀ ခန့် ပိုမိုသိုလှောင်ပြီး နှစ်စဉ်လျှပ်စစ်ယူနစ် ၈ သန်းပိုမိုထုတ်လုပ်ရန် ရေပိုလွှဲတွင် တပ်ဆင်ထားသော HED (Hydraulic Elevator Dam) စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် HED ရေတံခါးများဖွင့်ခြင်း၊ ပိတ်ခြင်းများကို စမ်းသပ်မောင်းနှင်ပြသရာ ဒုတိယဝန်ကြီးက တမံအတွင်းစီးဝင်ရေကို ဂရုစိုက်စောင့်ကြည့်၍ HED ရေတံခါးများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်၊ HED ရေတံခါးနှင့် ဆက်စပ်ပစ္စည်းများ အမြဲကြံ့ခိုင်မှုစစ်ဆေးရန်၊ တမံကြံ့ခိုင်ရေးနှင့် လုံခြုံရေးတို့ကိုစဉ်ဆက်မပြတ်သတိထားစောင့်ကြည့်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

(၅၀၀)

# ပရီးမီးယားလိဂ်ပွဲစဉ်(၂)တွင် အိမ်ရှင်ဘရိုက်တန်အသင်းက မန်ယူအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိ




မန်ချက်စတာ ဩဂုတ် ၂၄

ပရီးမီးယားလိဂ် ပွဲစဉ်(၂)အဖြစ် ဘရိုက်တန်အသင်းအိမ်ကွင်း၌ ဘရိုက်တန်အသင်းနှင့်မန်ယူအသင်းတို့ကစားခဲ့ရာ ဘရိုက်တန်အသင်းက ၂ ဂိုး ၁ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းက ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်မှ ကစားသမားစာရင်းအတိုင်း အပြောင်းအလဲမရှိခဲ့ဘဲ ပွဲထွက်လာခဲ့ကာ ပွဲစကတည်းက မန်ယူအသင်းက ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဘရိုက်တန်အသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် ပွဲချိန် ၃၂ မိနစ်တွင် မီတိုမာ ဖန်တီးပေးမှုမှတစ်ဆင့် ဒန်နီဝဲလ်ဘတ်က ဘရိုက်တန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ဘရိုက်တန်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာ ပွဲချိန်မိနစ် ၆၀ တွင် မာဇောရာဝီ၏ ဖန်တီးပေးမှုမှတစ်ဆင့် အာမက်ဒီရယ်လိုက မန်ယူအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန်မိနစ် ၇၀ တွင် လူစားဝင်ကစားသမား ဂါနာချိုက မန်ယူအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဂါနာချိုသွင်းယူခဲ့သည့်ဘောလုံးသည် ဇက်ဇီးကိုထိပြီးဂိုးဝင်ခဲ့သည့်အတွက် လူကျွံအနေအထားကြောင့် VAR ဖြင့်ပယ်ဖျက်ခံခဲ့ရသည့်အတွက် မန်ယူအသင်းအတွက် နစ်နာခဲ့ရသည်။

ထို့နောက် ပွဲချိန်ကြာလာသည်နှင့် အိမ်ရှင်ဘရိုက်တန်အသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၉၀ ပြည့်ခဲ့ပြီးနောက် နာကျင်အချိန်ပို ၇ မိနစ်ပေးအပ်ခဲ့ရာတွင် ပွဲချိန် ၉၅ မိနစ်တွင် ဂျာအိုပက်ထရိုက ခေါင်းတိုက်ပြီး ဘရိုက်တန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဘရိုက်တန်အသင်းက အိမ်ကွင်း၌ မန်ယူအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လာမည့်ပွဲစဉ်များတွင် ဘရိုက်တန်အသင်းက အက်ဖ်အေဖလားပွဲစဉ်အဖြစ် ခရော်လေအသင်းကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်ပြီး မန်ယူအသင်းက ပရီးမီးယားလိဂ်ပွဲစဉ်(၃)အဖြစ် လီဗာပူးအသင်းကို အိမ်ကွင်း၌ လက်ခံကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## သဇင် (FM) အသံလွှင့်အစီအစဉ်

၂၅-၈-၂၀၂၄(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ | ၃။ ၁၃:၃၀ | Music Crazy |
| ၂။ ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ | ၄။ ၁၄:၅၅ | Sporty Zone |
| | | ၅။ ၁၈:၂၀ | Relaxing Moment |
| | | ၆။ ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

## ကြင်သူခေါ်သော လမ်း

❖ မောင်တို့အိမ်မှာ၊ မထည်ဝါလည်း
ညှော်လာ စောင်လာ၊ စိတ်ချမ်းသာအောင်
ပျူငှာ နှုတ်ခွန်း၊ ဖွင့်ဆိုညွှန်း၍
ဆေးကွမ်းလက်ဖက်၊ တည်ခင်းလျက်နှင့်
နှစ်သက်စဖွယ် ယဉ်ပါသည်။

❖ မောင့်မိဘမှာ၊ မချမ်းသာလည်း
ရွာရေး ရပ်တာ၊ ကိုယ်တိုင် ပါ၍
သာရေး နာရေး၊ လက်မနှေးဘဲ
ဖေးမ ကူညီ တတ်ပါသည်။

❖ “ရွှေစော် မနံ၊ မြေစော် နံသည်
တောဟန် တောငွေ့၊ တောခလေ့၌
ချမ်းမြေ့နှစ်ခြိုက်၊ မပျော်ပိုက်လို့”
မလိုက်ချင်ပါ၊ မလာလိုကြောင်း
ခွင့်ပန်တောင်းသည့်
ကျောင်းကြီးတက္ကသိုလ်၊ မြကျွန်းညို၌
ကွန်းခိုရင်းမှ၊ ကျွမ်းခဲ့ရသော
နှမ သော်မော်၊ ရပ်ကြီးပျော် ငဲ့။

❖ ထည်ထည်ဝါဝါ၊ ခံ့ညားပါလည်း
မေတ္တာ ကင်းစင်၊ မာန ဝင်လျက်
စိတ်တွင် အတ္တ၊ လွန်ကဲကြမူ
အလှ ဘယ်မှာ ရှိမည်နည်း။

❖ ဖွယ်ဖွယ်ရာရာ၊ ကျယ်ဝန်းစွာလျှင်
တိုက်တာ အိမ်အိုး၊ စည်ပင်ဖြိုးလည်း
ကိုယ်ကျိုးသာ မင်၊ လောဘ ဝင်၍
အမြင် ယူဆ၊ ကျဉ်းမြောင်းကြသော်
ဘဝ ဘယ်မှာ သိမည်နည်း။

❖ ချမ်းချမ်းသာသာ၊ ပြည့်စုံပါလည်း
သူငါနှင့် ခွဲ၊ လက်မတွဲ မူ
ရခဲပေစွ၊ လူ့ဘဝ၏
ရသ ဘယ်မှာ ရှိမည်နည်း။

❖ “လူ့အချစ်နှင့်
လူ့သစ္စာ သာ၊ ရတနာ” ဟု
စိတ်မှာစွဲထင်၊ မောင့်ဝန်းကျင်သို့
သခင် လာလမ်း၊ သာစခန်း ဝယ်
ပန်းသင်းလေပြည်၊ စမ်းရစ်ခြေနှင့်
ဖူးဝေ နုသစ်၊ ကိုက် သရစ်နှင့်
မေတ္တာမွှမ်းကာ၊ လက်ကမ်းပါသည်
လာလိုလာလော့ အနီးကလေး။
မလာလိုတော့ ခရီးဝေး။ ။

**မြင်းမူမောင်နိုင်မိုး**

# လေးဖက်နာအတွက် အသက်ရှူပါ

ကြည်လွင်မြင့်(မုဒြာ)

လူတစ်ယောက်သည် ရက်ရှည်အဖျားတက်နေသည်။ ဆရာဝန်များစစ်ဆေးသောအခါ ငှက်ဖျားလည်းမဟုတ်၊ တီဘီရောဂါလည်း မရှိ၊ အဆုတ်နှင့်ကျောက်ကပ်များလည်း ကောင်းနေသည်။ အဖျားမှာ ဆေးထိုး၊ ဆေးသောက်သော်လည်း မကျ၊ ရက်ရှည်လာသည်။ ဖျားလာပြီဆိုလျှင် သူ၏မျက်နှာမှာ ထူအန်းနီမြန်းလာလေ့ရှိသည်။ တစ်ခါတစ်ရံ တက်သလိုဖြစ်ပြီး သတိလစ်သွားသည်။ သူ၏အဆစ်များလည်း နာသည်။

အဆစ်အမျက်ရောင်ရောဂါဖြင့် ဖျားသည်ထင်ပြီး ဆရာဝန်များက သူ့ကို အရိုးအဆစ်အထူးကုသမားတော်ကြီးထံ လွှဲအပ်ပေးလိုက်ကြသည်။ ထိုအခါမှ သူ့ရောဂါမှာ SLE ရောဂါဟုဆိုသော အရေပြားလေးဖက်နာရောဂါဖြစ်နေကြောင်း တွေ့ရသည်။

ဆရာဝန်ကြီးများ၏ သတ်မှတ်ချက်အရ လေးဖက်နာ ခြောက်မျိုးရှိသည်။

၁။ ပိုးလေးဖက်နာ

၂။ တုံ့ပြန်လေးဖက်နာ

၃။ အဆစ်ရောင်အရေပြားနာ (Psoriasis)

အထက်ပါရောဂါသုံးမျိုးမှာ သွေးစစ်လျှင် သွေးတွင်းခုခံဓာတ်မပေါ်သော အဆစ်ရောင်ရောဂါမျိုးဖြစ်သည်။

၄။ သွေးလေးဖက်နာ (RA)

၅။ အရေပြားလေးဖက်နာ (SLE)

၆။ အရေပြားထူ အဆစ်နာ (Scleroderma)

ဤရောဂါသုံးမျိုးသည်သွေးတွင်းခုခံဓာတ်ပေါ်သော လေးဖက်နာမျိုးဖြစ်သည်။

SLE ရောဂါဟုခေါ်သော်လည်း အရေပြားလေးဖက်နာမှာ ရှားရှားပါးပါးဖြစ်သော လေးဖက်နာမျိုးဖြစ်ပြီး အသက် ၂၀ နှင့် ၄၀ အတွင်း အဖြစ်များသည်ဟုဆိုသည်။ အမျိုးသမီးများ ဖြစ်နှုန်းပိုများသည်။ ကိုယ်ဝန်ဆောင်များတွင်လည်း ဖြစ်လေ့ဖြစ်ထရှိသည်ဟု ဆိုသည်။

ထိုထူးဆန်းသော အရေပြားလေးဖက်နာ (SLE) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ Systemic Lupus Erythematosus ဖြစ်သည်။ ခန္ဓာကိုယ်အတွင်းရှိသော System အားလုံးကိုတိုက်ခိုက်ပြီး အရေပြားကလည်း ထူအန်းနီမြန်းကာ မြေခွေးမျက်နှာလိုဖြစ်သည်။ Lupus ဆိုသည်မှာ မြေခွေးဖြစ်သည်။ ယင်းမှာ အနောက်တိုင်းဆေးပညာရှင်များ၏ နီးစပ်ရာပုံနှိုင်းသတ်မှတ်ချက်ဖြစ်သည်။ မြန်မာများမှာ မြေခွေးနှင့် သိပ်မရင်းနှီးကြပါ။ ဤရောဂါကြောင့် အရေပြားအနီကွက်များထွက်ပြီး ခေါင်းလည်းကိုက်လေ့ရှိသည်ဆိုသည့်အတွက် အရေပြားအလုပ်၊ ဦးနှောက်အလုပ်၊ ကျောက်ကပ်အလုပ်၊ နှလုံးအလုပ်အားလုံးကို တိုက်ခိုက်ပြီး အဆစ်များနာလာသောအခါမှ လေးဖက်နာမှန်းသိသောရောဂါမျိုးဖြစ်သည်။

ဤရောဂါမျိုးဖြစ်သော လူနာအမျိုးသမီးတစ်ဦးကို စာရေးသူကုသပေးရဖူးသည်။ တိုင်းရင်းဆေးဖြင့် အဆစ်များကို ဆေးစည်းပေးရခြင်းဖြစ်သည်။ သူ့မှာ ဆရာဝန်ကြီးများ ပေးထားသည့်ဆေးများကလည်း အထုပ်နှင့်တစ်ထုပ်ဖြစ်သည်။ ထိုဆေးများကိုလည်း မဖြတ်ရဲ၊ မြန်မာဆေးလည်း စည်းချင်သည်၊ ကုချင်သည်။

စာရေးသူတို့ ရိုးရာဆေးများမှာ တစ်ခါတစ်ရံ လူနာအလိုလိုက်ရသည်။ အနောက်တိုင်းဆေးပညာ ထွန်းကားနေသောခေတ်တွင် ဆရာဝန်ကြီးများပေးသောဆေးကိုလည်း မဖြတ်ခိုင်းဘဲ ကိုယ့်မြန်မာဆေးဖြင့်လည်း သင့်လျော်သောအချိန်တွင် ကြားဖြတ်ကုသပေးရသည်။

တစ်ခါတစ်ရံ အင်္ဂလိပ်ဆေးစားပြီး မြန်မာဆေးလိမ်း၊ စည်းထားမှ ကြိုက်သည့်လူနာမျိုးလည်းရှိသည်။ လူနာတစ်ဦး ရောဂါပျောက်ရန် မည်သည့်ဆေးနည်းမှမခွဲခြား၊ အနောက်တိုင်းဖြစ်စေ၊ အရှေ့တိုင်းဖြစ်စေ၊ နှစ်မျိုးပေါင်း၍ဖြစ်စေ လူနာသက်သာရန် အဓိကဖြစ်သည်။ မည်သည့်ဆေးကမှ အမြစ်ပြတ်သည်ဟု အယူသီးနေရန်မလိုပါ။ အရေးပေါ်လျှင် ပေါ်သလို သင့်ရာဆေးကို သုံးစွဲကုသရန်လိုသည်။ အရေးပေါ်တွင် အင်္ဂလိပ်ဆေးဟု အရပ်သုံးစကားဖြင့်ခေါ်ကြသော ဆေးက အစွမ်းထက်ပြီး ရေရှည်ရောဂါပျောက်ကင်းစေရန် မြန်မာဆေးကိုအချိန်ကြာကြာစွဲစားတတ်ကြသည်။

**"ခန္ဓာရှိရင်တော့ ဝေဒနာရှိမှာပဲ။ ဒီရောဂါရှိတော့ ကျုပ်မှာ ဝေဒနာရှုမှတ်ရတာ ပိုလွယ်တယ်။ အထူးအထွေ ဝေဒနာရှုစရာမလိုတော့ဘူး။ ကျုပ်ရဲ့ လက်ဆစ်ခြေဆစ်မှာ ဝေဒနာရှိတယ်၊ နာတယ်၊ ကိုက်တယ်ဆိုရင် ကျုပ်က အာနာပါနကို ပိုပြီးမှတ်လိုက်ရင် ပျောက်သွားတာပဲ"ဟု ပြောသည်။**

**ထိုယောဂီနည်းပြဆရာကြီးသည် အသက် ၈၀ ကျော် ၉၀ နီးပါးအထိ နေသွားရသည်။ သေမည့်နေ့အထိ တရားမှတ်မပြတ်ခဲ့ကြောင်း သိရသည်။ လေးဖက်နာရောဂါသည်များအတွက် တရားရှုမှတ်ခြင်းသည် အသက်ရှည်ဆေးဖြစ်ကြောင်း ဆရာကြီးသည် နမူနာကောင်းပင်ဖြစ်သည် . . .**

လေးဖက်နာရောဂါဝေဒနာရှင်များမှာ အနောက်တိုင်းဆေးဖြင့်ကုသရင်း အကိုက်အခဲပျောက်ဆေးများ အသောက်များလာသောအခါ အစာအိမ်နှင့် အူလမ်းကြောင်းတွင် အနာများဖြစ်လာလေ့ရှိသည်။ ဝေဒနာရှင်တချို့မှာ အကိုက်အခဲပျောက်ဆေးသောက်လွန်း၍ အစာအိမ်သွေးကြောပေါက်ပြီး အသက်သေဆုံးရသူပင်ရှိသည်။

သို့သော် ထူးထူးဆန်းဆန်း တိုင်းရင်းမြန်မာဆေးအမျိုးမျိုးကို စွဲစားရင်း လေးဖက်နာပျောက်သွားသူများလည်း တွေ့ဖူးသည်။ ထိုသူစွဲစားသည့် တိုင်းရင်းဆေးမှာ လေးဖက်နာဆေးဟု အမည်တပ်မထား၊ ဓာတ်ကြီးလေးပါးညှိဆေးဟု ရေးသားထားသည်ကို တွေ့ရသည်။ ထိုဆေးကို ဝမ်းမှန်သဖြင့် စွဲစားရင်း လေးဖက်နာပါ သက်သာလာသည်ကို တွေ့ရသဖြင့် စွဲစွဲမြဲမြဲစားခဲ့သည်ဟုဆိုသည်။

ဓာတ်ကြီးလေးပါးဆိုသည်မှာ ရှေးမြန်မာဆရာကြီးများ၏ ဆေးပညာအခြေခံ၊ ဗိန္ဒောဆေး၏ အခြေခံ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော လေးပါးပင်ဖြစ်သည်။ ထိုလေးပါးညီညွတ်နေသမျှ လူတို့တွင် ရောဂါမဖြစ်။ ဓာတ်ကြီးလေးပါးမှာ တစ်ခုနှင့်တစ်ခု မညီညွတ်ကြလျှင်၊ ဖောက်ပြန်လျှင် ရောဂါဖြစ်သည်ဟု ဒေသနာနယဆေးပညာကဆိုသည်။

ဓာတ်ကြီးလေးပါးတို့တွင် ပထဝီနှင့် အာပေါဓာတ်တို့ လွန်ကဲလျှင် အဆစ်အမျက်များ တောင့်တင်းမည်၊ တင်းကျပ်မည်။ တေဇော၊ ဝါယော ဓာတ်ကြီးနှစ်ပါး လွန်ကဲလျှင်၊ လိုအပ်သည်ထက် လွန်ကဲလျှင် အဆစ်အမျက်များ ကိုက်ခဲမည်။

ပထဝီဓာတ်နှင့် အာပေါဓာတ်တို့လွန်ကဲလျှင် အသားဓာတ်တို့ကို လျှော့စားရန်လိုသည်။ တေဇောဓာတ်နှင့် ဝါယောဓာတ်တို့ လွန်ကဲလျှင် အချဉ်၊ အစပ်၊ အခါးဓာတ်တို့ကို လျှော့စားရမည်ဖြစ်သည်။ အမှန်မှာ ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး အရသာခြောက်ပါး စလုံး မျှတအောင် စားသောက်ရန်လိုသည်။ လွန်ကဲမှုတစ်ခုခုရှိလျှင် ရောဂါတစ်မျိုးမျိုးဖြစ်လာနိုင်သည်။ ဓာတ်စာဆရာတို့ကလည်း ဤအချက်ကို ကြည့်ပြီး ဓာတ်စာပေးလေ့ရှိသည်။

တစ်ခါက ရိပ်သာတစ်ခုတွင် တရားဟောဓမ္မကထိက ဆရာကြီးတစ်ဦးနှင့်တွေ့ဖူးသည်။ နှစ်ပေါင်းတော့ကြာခဲ့ပြီဖြစ်သည်။ ထိုအချိန်က စာရေးသူမှာလည်း ဆရာဖြစ်ခါစ လေးဖက်နာရောဂါ၊ ဂေါက်ရောဂါ၊ အဆစ်ရောင်ရောဂါတို့ကို ကွဲကွဲပြားပြားမသိသေးသည့်အချိန်ကဖြစ်သည်။ ထိုဆရာကြီးသည် လက်ဆစ်များအားလုံးရောင်သဖြင့် ဖုထစ်နေသည်ကိုတွေ့ရသည်။ ခြေမျက်စိအဆစ်များမှာလည်း ပုံပျက်ပြီး အဖုကြီးများဖြစ်နေသည်။ ထိုဆရာကြီးသည် ရိပ်သာသို့ တစ်ပတ်မှတစ်ခါလာသည့် ဆရာဝန်ပေးထားသောဆေးကိုလည်း သောက်သည်။ စာရေးသူပေးသော မြန်မာဆေးများကိုလည်း သောက်သည်၊ လိမ်းသည်။ စာရေးသူက "ဆရာကြီး ဒီရောဂါကြီးနဲ့ တရားထိုင်လို့ဖြစ်ပါ့မလား" ဟုမေးသည်။ ဆရာကြီးက ဖြေသည်မှာ-

"ခန္ဓာရှိရင်တော့ ဝေဒနာရှိမှာပဲ။ ဒီရောဂါရှိတော့ ကျုပ်မှာ ဝေဒနာရှုမှတ်ရတာ ပိုလွယ်တယ်။ အထူးအထွေ ဝေဒနာရှုစရာမလိုတော့ဘူး။ ကျုပ်ရဲ့ လက်ဆစ်ခြေဆစ်မှာ ဝေဒနာရှိတယ်၊ နာတယ်၊ ကိုက်တယ်ဆိုရင် ကျုပ်က အာနာပါနကို ပိုပြီးမှတ်လိုက်ရင် ပျောက်သွားတာပဲ"ဟု ပြောသည်။

ထိုယောဂီနည်းပြဆရာကြီးသည် အသက် ၈၀ ကျော် ၉၀ နီးပါးအထိ နေသွားရသည်။ သေမည့်နေ့အထိ တရားမှတ်မပြတ်ခဲ့ကြောင်း သိရသည်။ လေးဖက်နာရောဂါသည်များအတွက် တရားရှုမှတ်ခြင်းသည် အသက်ရှည်ဆေးဖြစ်ကြောင်း ဆရာကြီးသည် နမူနာကောင်းပင်ဖြစ်သည်။

တကယ်တော့ အာနာပါနကမ္မဋ္ဌာန်းသည် ဆေးမဟုတ်။ ဝင်လေထွက်လေကို ပြင်းပြင်းမှန်မှန်ရှူသည့် အသက်ရှူခြင်းပင်ဖြစ်သည်။ ဝင်လေထွက်လေမှန်မှန်သွင်းထုတ်လိုက်သောအခါ ကိုယ်ခံအားများပေါ်ထွက်လာသည်။ ယင်းကိုယ်ခံအားသည် အတိုက်အခံဓာတ်များကို ဖွင့်ထုတ်လိုက်သည်။ ထိုသို့ဖွင့်ထုတ်လိုက်သောစွမ်းအားသည် အကိုက်အခဲပျောက်ဆေးများထက်ကောင်းသည်၊ အစွမ်းထက်သည်ဟု မှတ်ယူရမည်ဖြစ်လေသည်။

အာနာပါနထက်မြင့်လျှင် ဝိပဿနာအဆင့်ရောက်သည်ဟု ဓမ္မကထိကဆရာများကဟောကြသည်။ အာနာပါနအဆင့်မှာပင် ရောဂါဝေဒနာများသက်သာလျှင် တရားရှုမှတ်သူများအတွက် ဝိပဿနာအဆင့်တွင် မည်သည့်ဝေဒနာမှ နှိပ်စက်နိုင်မည်မဟုတ်တော့ပေ။ ကပ်ငြိလျှင် ကပ်ငြိလာမည်၊ နှိပ်စက်၍ကားရနိုင်မည် မဟုတ်တော့ပါ။

စာရေးသူ၏ လူနာမိတ်ဆွေတစ်ဦးမှာ လေးဖက်နာရောဂါရှိသည်။ နှလုံးကလည်းမကောင်း။ သူသည် အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်သည်။ တစ်ရက်တွင် နံနက်စောစော ကျုံးနံဘေးသို့ လမ်းလျှောက်ရင်း သူ့ကိုတွေ့ရသည်။ သူသည် ကျုံးရေပြင်ကို မျက်နှာမူပြီး အသက်ရှူလေ့ကျင့်ခန်းလုပ်နေသည်။ စာရေးသူကို သူက မမြင်ပေ၊ ကျောပေးထားသောကြောင့်ဖြစ်သည်။

မကြာမီက သူနှင့်ဈေးချိုတွင်ဆုံသောအခါ သူ့အဆစ်နာရောဂါသက်သာနေပြီး ကျုံးနံဘေးတွင် အသက်ရှူလေ့ကျင့်ခန်း နေ့စဉ် သွားလုပ်ရင်း သက်သာလာကြောင်း ပြောသည်။ ဤသည်မှာလည်း အာနာပါနတစ်မျိုးပင်မဟုတ်ပါလား။ အသက်ရှူလေ့ကျင့်ခန်းကြောင့် ရောဂါဝေဒနာအမျိုးပေါင်းများစွာ သက်သာကြောင်း ရေးသားထားသည့် အိန္ဒိယနိုင်ငံထုတ် စာအုပ်တစ်အုပ်ကို ဖတ်ရသဖြင့် သူက အသက်ရှူလေ့ကျင့်ခန်းလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောပြသည်။

အသက်ကို ပြင်းပြင်းရှူခြင်းဖြင့် အဆုတ်အတွင်းသို့ လေအပြည့်အဝ ဝင်သွားသည်။ အဆုတ်မှ သွေးကြောများသည် လေကောင်းလေသန့်ရလျှင်၊ လေအပြည့်အဝရလျှင် အားရှိပြီး သန့်စင်သော သွေးကို နှလုံးသို့ အသစ်တစ်ဖန်ပြန်ပို့သည်။ နှလုံးသည် အဆုတ်မှ သန့်ရှင်းသောသွေးကို အပြည့်အဝ ရသဖြင့် ကျန်းမာရေး ပိုမိုကောင်းမွန်လာကြောင်း ထိုစာအုပ်တွင် အကျယ်တဝင့်ဖော်ပြထားသည်ဟု ဆိုသည်။

ရှေးက သူတော်စင်များ အသက်ရှည်ကြခြင်းမှာ ယခုခေတ်ကဲ့သို့ ရောဂါဆိုးများ မပေါ်များသေး၍ဟု ပြောကြသည်။ ထိုအပြောများမှာ မှန်သင့်သလောက်တော့ မှန်ပါလိမ့်မည်။ သို့သော် တောမှီ ယောဂီသူတော်စင်တို့၏ ရုပ်ပုံလွှာကို လေ့လာကြည့်သောအခါ သစ်တစ်ပင်ရိပ်တွင် ထိုင်လျက် အသက်ရှူသော အာနာပါနအလုပ် လုပ်နေသည်ကို စာရေးသူ၏ အာရုံတွင် မြင်ယောင်လာသည်။ ရောဂါကင်းစင်ရန် အသက်ရှည်ဆေးနည်းမှာ အသက်ရှူခြင်းဖြစ်လေသည်။ လေးဖက်နာရောဂါရှိသူများ၊ နာတာရှည် ဝေဒနာခံစားရသူများအား ဤနည်းကို လက်တွေ့ကျင့်သုံးကြည့်စေချင်သည်။ အသက်ရှူလေ့ကျင့်သောနေရာတွင် ရေဓာတ်ရော လေဓာတ်ပါရရှိအောင် မြစ်နံဘေး၊ ချောင်းနံဘေး၊ ကန်နံဘေးတို့တွင် သွားရောက်ပြုလုပ်ပါ။ ထိုသို့ပြုလုပ်ခြင်းမှာ အသက်ရှည်ကျန်းမာစေနိုင်သော နည်းလမ်းကောင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ဒုတိယအကြိမ်ထုတ်ချေး



နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကန်သာကျေးရွာအုပ်စု အောင်မြင်ကုန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒုတိယအကြိမ်ထုတ်ချေးပေးခြင်းကို ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောင်မြင်ကုန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၄ ဦးအား ဒုတိယအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅၅ သန်းကို အတိုးနှုန်းသက်သာစွာ အသင်းသား၊ အသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် အသီးသီး ထုတ်ချေးပေးကြောင်း သိရသည်။

မောင်နိုင်

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် အရာတော်မြို့နယ်၌ ပဲစင်းငုံစိုက်ဧက ၂၅၀၀၀ ကျော်စိုက်ပျိုးပြီးစီး

အရာတော် ဩဂုတ် ၂၄

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်၌ ပဲစင်းငုံစိုက်ဧက ၂၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရသိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန် အရာတော်မြို့နယ်၌ ပဲစင်းငုံ ၂၈၈၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးကြရာ ယနေ့အထိ ဧက ၂၅၄၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် အရာတော်မြို့နယ်မှာ ပဲစင်းငုံသီးနှံဧက ၂၈၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၂၅၀၀၀ ကျော်အထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ကပြောသည်။

အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာစေရန်နှင့် လျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ယူရီးယားနှင့် လက်ချားသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်၍ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

(၉၀၉)

## အနာဂတ်လှဖို့ စာဖတ်ကြစို့

❖ တတ်သိပညာ အလိမ္မာ
ပြည့်စုံစေဖို့ရာ။
စာအုပ်စာပေ ဖတ်ရှုမှ
သုတစုံကြွယ်ရ။

❖ ဘဝအတွက် ပြဿနာ
ကြုံဆုံရတဲ့ခါ။
ပညာသာလျှင် ထိုးဖောက်ခွင်း
ပေးတတ် ဉာဏ်အလင်း။

❖ အဆင်းလှပ စေဖို့မှာ
မှန်ကြည့်သလိုသာ။
အချင်းပြည့်ရာ စာကိုကြည့်
ဘဝတိုးတက်၏။

❖ ကောင်း၏ဆိုး၏ မှားမှန်ကို
ပိုင်းခြားသိဖို့ဆို။
ကောင်းကျိုးကိုသာ လိုလားအပ်
စာအုပ်စာပေဖတ်။

❖ ပညာတတ်များ ပေါကြွယ်ရာ
တိုင်းပြည်ရတနာ။
တိုးတက်ဖို့ရာ ရင်းမြစ်အား
စာအုပ်စာပေများ။

❖ ရိုးသားကြိုးစား စိတ်ထားမွန်
ထက်မြက်ကာ အားသွန်။
ကျေပွန်ဝတ်တာ စွမ်းရည်မှတ်
စာအုပ်စာပေဖတ်
တိုင်းပြည်အနာဂတ်။ ။

မောင်လေပြေ(တောင်တွင်း)

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်

ကြံခင်း ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရွာသစ်ရပ်ကွက်နှင့်မြို့မရပ်ကွက်ရှိ ပြည်သူများ၏နေအိမ်များနှင့် ခြံဝင်းများ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူများက ရပ်ကွက်များအတွင်းရှိနေအိမ်များတွင် ရေအိုး၊ ရေကန်များ၊ ဘုရားပန်းအိုး၊ ရေစည်၊ ရေပုံးများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ တာယာကွင်းများ၊ အိုးခွက်များအတွင်း ခြင်ပေါက်ပွားမှုမရှိစေရေး၊ ရပ်ကွက်များအတွင်းရှိနေအိမ်များတွင် ပိုးလောက်လမ်းပေါက်ပွားမှုမရှိစေရေး လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရေတွင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးဟောပြောပွဲကျင်းပ



သရက် ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး သရက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများဆောင်ရွက်ရာတွင် သားဖွားဆရာမ ဒေါ်ငွေငွေဝင်းက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးလက်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး၊ နည်းစနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲရန်နှင့် မိုးတွင်းကာလ ကလေးငယ်များတွင်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကိုပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးစစ်ဆေးခြင်းများဆောင်ရွက်ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကုသမှုများဆောင်ရွက်ပေးကြောင်း သိရသည်။

ဇော်ထက်(သရက်)

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာအုပ်စု၊ ရိုးဝကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၂၀၇ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မှန်ကင်းပဋ္ဌာနတာရုံကျောင်းတိုက်ရှိ သံဃာတော် ၁၂၀ ပါးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# စာဆိုဗိမာန်တည်ဆောက်မည့်မြေနေရာရှိ အဆောက်အအုံများ ရှင်းလင်းဖျက်သိမ်းပြီးစီးမှုကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန် အဆောက်အအုံသုံးထပ်(RC) တည်ဆောက်မည့် မြေနေရာ၌ အဆောက်အအုံဟောင်းများ ရှင်းလင်းဖျက်သိမ်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန် အဆောက်အအုံသုံးထပ်(RC) တည်ဆောက်မည့်မြေနေရာရှိ သစ်ပင်ကြီးများ ရှင်သန်ပေါက်ရောက်နေမှုအပေါ် မလွတ်ကင်းသည့်အပင်များ ဖယ်ရှားရှင်းလင်းနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်မှာကြားပြီး စာပေဗိမာန် စာကြည့်တိုက်အဖြစ် ပြန်လည်မွမ်းမံပြင်ဆင်ဆောင်ရွက်မည့် သုံးထပ်အဆောက်အအုံကိုကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန် တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ စာပေအနုပညာဆိုင်ရာပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် လမ်းညွှန်မှုပြုခဲ့သည့်အတွက် စာဆိုဗိမာန် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက် အဆောက်အအုံကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေတိုင်းရပ်ကွက် (၁၈-အေ)၊ မြေကွက်အမှတ် (၂၉ ၏ တစ်စိတ်တစ်ဒေသ) အခမဲ့မြေကွက်အမျိုးအစားဖြစ်သော မြေဧက ၂ ဒသမ ၁၈ ဧက ပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။

စာဆိုဗိမာန်အဆောက်အအုံ ဒီဇိုင်းပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရေးဆွဲပေးပြီး အဆောက်အအုံ၏ ခန့်မှန်းတန်ဖိုးကို အဆောက်အဦဦးစီးဌာနက တာဝန်ယူတွက်ချက်ပေးခဲ့သည်။

အဆိုပါ စာဆိုဗိမာန်တည်ဆောက်ရေး စီမံကိန်းကို အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့်ဆောင်ရွက်နိုင်ရန် ၁၈-၃-၂၀၂၄ ရက်တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ စာဆိုဗိမာန် တည်ဆောက်ရေးစီမံကိန်း သဘောတူညီချက် (Project Agreement) ကို မြန်မာ-အိန္ဒိယနှစ်နိုင်ငံမှ တာဝန်ရှိသူတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

စာဆိုဗိမာန်အဆောက်အအုံသုံးထပ် (RC) အကျယ်အဝန်းမှာ အလျား ပေ ၁၆၀ x အနံ ပေ ၁၄၀ x အမြင့် ၅၇ ပေ ၈ လက်မ သုံးထပ် (RC) အဆောက်အအုံဖြစ်ပြီး ၅၂၂၈ စတုရန်းပေဖြစ်သည်။ စာဆိုဗိမာန် တည်ဆောက်ရေးစီမံကိန်း တိုးတက်ပြီးစီးမှုကိုစောင့်ကြည့်ရန် မြန်မာ-အိန္ဒိယနှစ်နိုင်ငံမှ တာဝန်ရှိသူများပါဝင်သည့် (Joint Project Monitoring Committee – JPMC) ကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်မည့်မြေနေရာနှင့်လွတ်ကင်းမှုမရှိသည့် အဆောက်အအုံဟောင်းလေးလုံးကို လေလံတင်ရောင်းချခဲ့ပြီး တင်ဒါအောင်မြင်သည့်အဖွဲ့က သတ်မှတ်ရက်အတိုင်း ဖျက်သိမ်းရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

စာဆိုဗိမာန်အဆောက်အအုံကိုနှစ်နှစ်စီမံကိန်းအဖြစ်သတ်မှတ်ပြီး စာဆိုဗိမာန် အဆောက်အအုံသုံးထပ်(RC) တည်ဆောက်ရေးအတွက် ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်၍ တင်သွင်းလာခဲ့ရာ ယင်းတင်သွင်းလာသည့် ဈေးနှုန်းအဆိုပြုလွှာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ မကြာမီကာလတွင် အဆိုပါ စာဆိုဗိမာန်အဆောက်အအုံသုံးထပ် (RC) ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆောက်အအုံ တည်ဆောက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# ပြည်နယ်အဆင့်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

**တောင်ကြီး ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ၂၄ ရက် နံနက်ပိုင်းတွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပြည်နယ်အဆင့်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင်ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်က ကျောင်းကျန်းမာရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်အဆင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအလိုက် ကျန်းမာရေး အဆင့်မြှင့်ကျောင်းတည်ထောင်မှု ထူးချွန်ဆုရရှိသောကျောင်းများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်သည်။ ထို့နောက် အလှူရှင်များအား ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝင်းနိုင်က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “ Exercise is Medicine ” သီချင်းဖြင့် သရုပ်ဖော်တင်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျောင်းကျန်းမာရေးပြခန်း၊ ကျောင်းသူများအား သံခာတ်အားဖြည့်ဆေးပြားများတိုက်ကျွေးခြင်း၊ ဆယ်ကျော်သက်လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းအား ကျောင်းသားအချင်းချင်း ပညာပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများက နည်းစနစ်မှန်သွားတိုက်ခြင်းကို သရုပ်ပြခြင်း၊ ကျောင်းသားများက ပိုးလောက်လမ်းကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးခြင်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးအတွက် အာဟာရမျှတစွာစားသုံးတတ်စေရန် အစာအုပ်စုသုံးအုပ်စုပါဝင်အောင် ရွေးချယ်စားသုံးမှုသရုပ်ပြခြင်း စသည်တို့ကိုအားပေးကြည့်ရှုကြောင်းသိရသည်။ (၄၀၅)

# စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဩဂုတ် ၂၄

စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ စိတ်လက်ပျော်ရွှင်ချမ်းမြေ့စေရန်၊ ကုသိုလ်ပွားများနိုင်စေရန်၊ စိတ်ခွန်အားဖြစ်စေရန်၊ မြန်မာအင်ဂျင်နီယာများ၏စွမ်းပကားများကို ကြည့်ရှုလေ့လာနိုင်ရန်အတွက်ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဒက္ခိဏသီရိမြို့နယ်၌ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်၍ တည်ထားကိုးကွယ်ထားရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီး၊ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများကို မာရဝိဇယဝေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့ပြင် ဘုရားဖူးလာရောက်သည့် စက်မှုဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည် ရှင်းလင်းဖြေကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘုရားဖူးလာရောက်သည့် ပြည်ထောင်စုဝန်ကြီး၊ ဝန်ထမ်းများနှင့် မိသားစုများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ညီညာစွာစီတန်းပြီး ဗုဒ္ဓဂုဏ်တော်များကို ရွတ်ပွားလျက် ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပြီး ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် ဘုရားရင်ပြင်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ငယ်ပုံစံပြသထားမှု၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း(၄)ပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်မှုမှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့်သာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# တောင်လေးလုံးပျိုးဥယျာဉ်အတွင်း အင်းလေးကန်ရေဝေရေလဲထိန်းသိမ်းရေး စိုက်ခင်းကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်ရှိ အင်ပြင်ပျိုးဥယျာဉ်သို့ ရောက်ရှိစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကလောမြို့ကို ထင်းရှူးမြို့တော်ဖြစ်စေရေးအတွက် ထင်းရှူးစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာစိုက်ပျိုးခြင်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားကာ အင်ပြင်ပျိုးဥယျာဉ်အတွင်း သစ်မျိုးရှစ်မျိုးဖြင့် ပျိုးပင် ၄၈၀၀၀ ကြိုတင်ပျိုးထောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကလောမြို့နယ် အောင်ပန်းကြိုးဝိုင်းအတွင်းရှိ ၂၀၂၄ ခုနှစ် စက်မှုကုန်ကြမ်း ထင်းရှူးစိုက်ခင်း ၆၅ ဧကနှင့် ၂၀၂၂ ခုနှစ် ကွက်လပ်ဖြည့် ထင်းရှူးစိုက်ခင်း ၂၂ ဧက၏ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ကလောမြို့နယ် သီခေါင်တောင်ကြိုးပြင်ကာကွယ်တောအတွင်းရှိ ၂၀၂၃ ခုနှစ် အာဆီယံလမ်းမကြီးဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်း ၆ ဧကနှင့် တစ်အုပ်တစ်မထင်းရှူးပင် ၃၂၀၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေကိုလည်းကောင်း၊ ၂၀၂၃ ခုနှစ် ကွက်လပ်ဖြည့် ထင်းရှူးစိုက်ခင်း ၃၅ ဧကနှင့် ၂၀၂၄ ခုနှစ် စက်မှုကုန်ကြမ်း ထင်းရှူးစိုက်ခင်း ၈၅ ဧက၏ ရှင်သန်မှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် ဟဲဟိုးပျိုးဥယျာဉ်အတွင်း အာဆီယံလမ်းဘေးဝဲယာစိုက်ပျိုးခြင်း၊ အင်းလေးကန်စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများအတွက် သစ်မျိုး ၁၅ မျိုးဖြင့် ပျိုးပင် ၁၀၇၀၀၀ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ ဟဲဟိုး-ဘော်ဆိုင်းကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၂၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးခဲ့သော လမ်းဘေးဝဲယာထင်းရှူးပင် ၃၂၀၀၀ နှင့် တောင်ကုန်းများ မြေဆီလွှာတိုက်စားမှုကာကွယ်ရေးအတွက် တစ်အုပ်တစ်မ ထင်းရှူးပင် ၂၁၆၀၀ ၏ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထားသည့် အပင်များ ဆက်လက်ရှင်သန်ရေးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် တောင်လေးလုံး ပျိုးဥယျာဉ်အတွင်း အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေး စိုက်ခင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းအတွက် ပျိုးပင် ၂၄၀၀၀ ကြိုတင်ပျိုးထောင်ထားမှု အခြေအနေနှင့် အေးသာယာ Green Zone ပျိုးဥယျာဉ်အတွင်း တောင်ကြီးမြို့ ထီသိမ်ကန်ရေထွက်စိမ်းလန်းစိုပြည်ရေးနှင့် ထီသိမ်ကန် ရေဝေရေလဲထိန်းသိမ်းရေးအတွက် ထင်းရှူးပျိုးပင် ၁၂၀၀၀ နှင့် အထူးပျိုးပင် ၃၉၄၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပုသိမ်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ဧက ၆၄၀ စိုက်ပျိုးပြီးစီး

ပုသိမ် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ဧက ၆၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုး၏ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၅၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် စားဖိုဆောင်သီးနှံစုံ ဧက ၆၄၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံစုံ ၅၅၅ ဧကအထိ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးမှာပါ။ ဒါ့ပြင် လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ တခြားပံ့ပိုးမှုတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဦးဝင်းစိုးကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပုသိမ်မြို့နယ်၌ စားဖိုဆောင်သီးနှံစုံ ဧက ၆၄၀ စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သင်္ဘော၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ တိုင်ထောင်ပဲစသည့်သီးနှံများ စိုက်ပျိုးထားကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် တခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ခင်းများအထိကွင်းဆင်း၍ တောင်သူများနှင့်တွေ့ဆုံပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သုတကျော်



❍ ရှေ့ဖုံးမှအဆက်

အဆိုပါပါတီများထဲမှနိုင်ငံရေးပါတီ၂ပါတီကို မှတ်ပုံတင်ခွင့်ပယ်ဖျက်ပေးခဲ့ရသည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၉ ပါတီ ရှိပါကြောင်း၊ နိုင်ငံရေးပါတီ၄၉ ပါတီအနက် တစ်နိုင်ငံလုံးစည်းရုံးမည့်ပါတီ ၉ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီ ၄၀ ပါတီရှိပါကြောင်း၊ တစ်နိုင်ငံလုံး စည်းရုံးမည့်ပါတီများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ (စ) နှင့် ပုဒ်မ ၅(ဇ)တို့နှင့်အညီ ပါတီဝင်အင်အားနှင့် ပါတီရုံးခန်းများကို ပြည့်မီအောင်ကြိုးစားဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကိုပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များကိုလည်း ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မိမိပါတီကို ခိုင်မာအားကောင်းသောပါတီ၊ မဲဆန္ဒရှင်ပြည်သူက ယုံကြည်အားကိုးသောပါတီဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲစနစ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်က အခြေခံမဲစာရင်းများပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ကော်မရှင်က အခြေခံမဲစာရင်းများပြည့်စုံမှန်ကန်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အခြေခံမဲစာရင်းများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရွေးကောက်ပွဲတွင် မဲလက်မှတ်ဖြင့်သာမက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြကြပြီး ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ကော်မရှင်ရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံရေးပါတီများ၏ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၄၉ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၅၀၀)

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ် (၁)တို့၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှတာဝန်ရှိသူများက ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။



ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး (မီတာ ၅၀၀၀ လမ်းလျှောက်၊ အလျားခုန်၊ မီတာ ၈၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ တန်းကျော်၊ ကြိုးတပ်သံလုံးပစ်၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး) ပြိုင်ပွဲများနှင့် အမျိုးသား (ကြိုးတပ်သံလုံးပစ်၊ မီတာ ၈၀၀၊ မီတာ ၂၀၀၊ အလျားခုန်၊ မီတာ ၄၀၀ တန်းကျော်) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ယမန်နေ့ကျင်းပခဲ့သည့် ပြိုင်ပွဲများဖြစ်သော အမျိုးသား (မီတာ ၁၀၀၀၀ လမ်းလျှောက်၊ မီတာ ၃၀၀၀) ပြိုင်ပွဲများ၊ အမျိုးသမီး မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး (သံပြားဝိုင်းပစ်၊ မီတာ ၄၀၀၊ တန်းမြင့်ခုန်၊ ၁၀၀x၄ လက်ဆင့်ကမ်း)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှတာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဂုဏ်ဆောင် ပြေးခုန်ပစ်လက်ရွေးစင်အားကစားသမားဟောင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



ယနေ့ပြိုင်ပွဲများအပြီးတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းများမှ အဆင့်ရပ်တည်မှုအနေဖြင့် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် နှစ်ခုဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခုဖြင့် တနင်္သာရီတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခြောက်ခုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တတိယ၊ ရွှေတံဆိပ် နှစ်ခုဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက စတုတ္ထနေရာများတွင် ရပ်တည်နိုင်ခဲ့ကြသည်။

ဩဂုတ်လ ၂၅ ရက်(**ယနေ့**) နံနက် ၆ နာရီခွဲမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (မီတာ ၅၀၀၀၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၁၁၀ တန်းကျော်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀) ပြိုင်ပွဲများနှင့် အမျိုးသမီး (မီတာ ၃၀၀၀၊ မီတာ ၁၀၀ တန်းကျော်၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀) ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(၅၀၀)

# ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နေရပ်ပြန်ပြည်သူများ အဆင်ပြေအေးချမ်းစွာနေထိုင်နိုင်ရေး ရေ ၊ မီးရရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိ

လွိုင်ကော် ဩဂုတ် ၂၄

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ပေါ်ရပ်ကွက်များ၌ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓာတ်အားသွယ်တန်းနေမှုများ၊ နှစ်ထပ်ဈေးနှင့် ဗဟိုဈေး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဝန်ထမ်းများ ပြန်လည်နေထိုင်နိုင်ရေးအတွက် စုပေါင်းဝန်ထမ်းအိမ်ရာပြင်ဆင်နေမှုများနှင့်မြို့သန့်ရှင်းသာယာလှပရေးအတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူများပြန်လည်ဝင်ရောက်နေထိုင်ရာတွင် လျှပ်စစ်မီးအမြန်ပြန်လည်ရရှိရေး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းခွင်သို့သွားရောက်ခဲ့ရာ ဈေးပိုင်း၊ ဓမ္မာရုံ၊ မင်္ဂလာရပ်ကွက်အတွင်း၌ 11 KV ဓာတ်အားလိုင်း ၁၁၀၀ ပေ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သက်ဆိုင်ရာတာဝန်ရှိသူများကရှင်းလင်းတင်ပြခဲ့ပြီး ၄၈ နာရီအတွင်း လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ဓာတ်အားလိုင်းများ ပြင်ဆင်ဆောင်ရွက်ပေးနေမှုနှင့် ထရန်စဖော်မာတပ်ဆင်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်ဆောင်ရွက်ခဲ့မှုကြောင့် ပျက်စီးသွားသည့်နှစ်ထပ်ဈေးနှင့် ဗဟိုဈေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်သူများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ဈေးဆိုင်ခန်းများအား အမြန်ပြန်လည်ပြုပြင်နိုင်ရေး၊ နှစ်ထပ်ဈေးအောက်ထပ်ရှိ ဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေးနှင့် GEC ဆိုင်ခန်းများ ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် နောင်ယား(က)ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာသို့ သွားရောက်၍ ပြန်လည်ပြင်ဆင်နေသည့် တိုက်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် နမ့်ကွတ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့သွားရောက်၍ ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နေရပ်ပြန်ပြည်သူများအဆင်ပြေအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ရေ၊ မီးရရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကာ ယခုအခါမြို့ပေါ် (၁၂)ရပ်ကွက်တွင် လမ်းမီးနှင့် လျှပ်စစ်မီးအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့်ရပ်ကွက်များ၌ လျှပ်စစ်မီးများ အမြန်ဆုံးပြန်လည်ရရှိရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

(ပခုက္ကူဦးအုံးဖေစာပေဆုချီးမြှင့်ပွဲဂုဏ်ပြုစာမူ)

# အကြိမ် (၃၀) မြောက်မှသည် ရတုအဆက်ဆက်ဆီ

နွေကုံကော်(မြို့လှ)



အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုပေးပွဲကြီးအား ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင်ရန်ကုန်မြို့၌ ကျင်းပခဲ့သည့်ပုံရိပ်များကို ရုပ်မြင်သံကြားမှတစ်ဆင့် ကြည့်ရှုလိုက်ရသည်။ ဆုရရှိသူများရော အခမ်းအနားတက်ရောက်လာကြသူများပါ ပြုံးပျော်နေကြသည်။ **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"၊ "စာပေမြင့်မှ လူမျိုးတင့်မည်"** ဟူသည့်အတိုင်း မိမိတို့ တတ်စွမ်းရာကလောင်ဖြင့် လောကအလင်းဆင်နိုင်ရေး၊ မိမိတို့လူမျိုး တင့်တယ်နိုင်ရေး စာပေလက်ရာအဖုံဖုံဖန်တီးခဲ့ကြသည့် ဆုရစာရေးဆရာများ၊ ပခုက္ကူစာပေတစ်သက်တာဆုချီးမြှင့်ခြင်းခံရသည့် ဆရာကြီးများအတွက် ဝမ်းသာပီတိဖြစ်ရသည်။ မုဒိတာလည်းပွားမိပါသည်။ အထူးသဖြင့် ရေးဖော်ရေးဖက်များ၊ ခင်မင်လေးစားရသည့် ကလောင်ရှင့်ဆရာကြီးများပါ ဆုချီးမြှင့်ခြင်းခံရသည့်အတွက်ပါ ဝမ်းသာဂုဏ်ယူမိသည်။

ယခုနှစ် ပခုက္ကူစာပေဆုချီးမြှင့်ခံရသူများကို လေ့လာကြည့်ရာတွင် ရဟန်းစာဆိုသာမက ဌာနစုံမှ ဝန်ထမ်းများ၊ အငြိမ်းစားများပါဝင်ကြသည်ကို သတိပြုမိသည်။ တပ်မတော်သားများလည်း ပါဝင်သည်။ မူလတာဝန်အပြင် ကလောင်တံကိုင်စွဲလျက် စာပေမြင့်ခြင်းအားဖြင့် လူမျိုးဂုဏ်တင့်နိုင်အောင် ကြိုးပမ်းအားထုတ်ကြသော စာဆိုစစ်သည်များ၊ ရဟန်းစာဆို လူစာဆိုများကို လေးစားအားကျဂုဏ်ယူရပါသည်။ တစ်ဆက်တည်းမှာပဲ ကောင်းရာဘုံဌာနကို ရောက်ရှိနေမည့် ပခုက္ကူဦးအုံးဖေစာပေဆု ဖန်တီးတည်ထောင်သူ ဘဘအုံးဖေကိုလည်း စိတ်ဝယ်ရည်မှန်းဦးခိုက်မိပါသည်။ အကြိမ် (၃၀) တိုင်အောင် နှစ်စဉ်မပျက် ပခုက္ကူဦးအုံးဖေစာပေဆုပေးပွဲကျင်းပနိုင်အောင် လက်ဆင့်ကမ်းတာဝန်ယူခဲ့ကြသူများကိုလည်း ကျေးဇူးတင်မိပါသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အနေဖြင့် လူငယ်များ ဗလငါးတန်ပြည့်ဝစေရေး ဘက်စုံထောင့်စုံမှ စီမံဆောင်ရွက်ပေးနေသည်။ တိုင်းပြည်တစ်ဝန်းစာကြည့်တိုက်များပိုမိုပေါ်များပြီး အသက်ဝင်နိုင်စေရေးအတွက်လည်း ကြိုးစားဆောင်ရွက်နေသည်ကို ဝေဝေဆာဆာမြင်တွေ့နေရသည်။ **“စာအုပ်စာပေ လူ့မိတ်ဆွေ”** ဟူသည့်အတိုင်း လူငယ်များ လမ်းမှားမရောက်စေရေး မိတ်ကောင်းဆွေမွန်များကို လူငယ်များနှင့်အနီးဆုံးဆီရောက်ရှိအောင် ဆောင်ရွက်ပေးနေသည်။ ပခုက္ကူဦးအုံးဖေစာပေဆုရ စာအုပ်များသည် သုတ၊ ရသ စုံလင်ပြီး လေ့လာမှတ်သားဖွယ်ကောင်းသည့် စာအုပ်များဖြစ်ကြသည်။ ကျွမ်းကျင်စာပေပညာရှင်ကြီးများ၏ အကဲဖြတ်ရွေးချယ်မှုကြောင့် ထိုသို့လက်ရာကောင်းစာပေများကို အများပြည်သူဖတ်ရှုခွင့်ရရှိခြင်းဆိုလျှင်မမှားပေ။ ပခုက္ကူဦးအုံးဖေစာပေဆုမှတစ်ဆင့် အမျိုးသားစာပေဆုအထိ အောင်ပန်းဆင်နိုင်ခဲ့ကြသော စာအုပ်များလည်း ပေါ်ထွက်ခဲ့ပါသည်။

သုတ၊ ရသ စာပေအသီးသီးတွင် ရသကိုးပါးအနက် အနည်းဆုံး တစ်မျိုးနှစ်မျိုးပါဝင်ကြသည်သာဖြစ်၏။ သုတစာပေသည် အတတ်ပညာတိုးပွားစေပြီး ရသစာပေသည် စိတ်နှလုံးရင့်သန်စေရန် အထောက်အကူပြု၏။ ရသစာပေများထဲမှ လူတန်းစားအမျိုးမျိုး၏ ဘဝအဖုံဖုံကို လေ့လာဆင်ခြင်သုံးသပ်လျက် မိမိတို့ဘဝလမ်းကြောင်းကို တည့်မတ်ခိုင်မာစေရမည်ဖြစ်သည်။ စာရေးသူ၏ ဘဝကိုလည်း ထိုသုတ ရသ စာပေများကပင် ထိန်းကျောင်းခဲ့ခြင်းဖြစ်သည်။ စာကောင်းပေမွန်တို့သည် နယ်နိမိတ်အပိုင်းအခြားနှင့် ခေတ်ကာလတို့ကိုလွန်လျက် မွေးပျံ့လတ်ဆတ်သောရနံ့ကို ဆောင်နိုင်စွမ်းရှိသည်မှာ အမှန်ပင်ဖြစ်ပေသည်။ လတ်တလော ပြန်လည်ဖတ်ရှုဖြစ်သည့် ဆရာကြီး နတ်နွယ်၏ မြန်မာပြည်မြောက်ပိုင်း၊ ဆရာကြီး ကျော်အောင်၏ အရေးကြီးပြီ သွေးစည်းကြစို့၊ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ စိမ်းနေဦးမည့် ကျွန်တော့်မြေ စသည့်ဂန္ထဝင်ဝတ္ထုကြီးများထဲမှ ဇာတ်ကောင်များသည် စာရေးသူအပါအဝင် မျိုးဆက်သစ်များအား ဝီရိယများ ပေးစွမ်းနိုင်ခဲ့ပါသည်။ စာရေးသူအနေဖြင့် ထိုဝတ္ထုကြီးများပါ ဇာတ်ကောင်များ၏ စိတ်ဓာတ်ခံယူချက်များကို လက်ခံကျင့်သုံးရမည်ဟူသော အသိကိုရရှိခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ဝန်းကျင်မှ စာများပင်ဖြစ်လင့်ကစား ယနေ့ထက်တိုင် အသက်ဝင်ပီပြင်နေဆဲပါပေ။ တစ်ဖန် လတ်တလောဖတ်မိသည့် ကဗျာဆရာကြီး စလင်းဘုန်းကျော်၏ ကျေးဇူးမဲ့သော တပည့်တစ်ယောက်အကြောင်း လုပစ္စာသီကုံးထားသည့်ကဗျာတစ်ပုဒ်ကလည်း ထိမိလှပါဘိ။ ဆိုရသော် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး စသော ခေါင်းစဉ်များအောက်တွင် စာရေးသူတို့ မမြင်မတွေ့ခဲ့ရသော၊ မမီခဲ့သော သမိုင်းကြောင်းများ၊ ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့များ၊ နိုင်ငံ့ရေးရာ အဖြာဖြာများမှသည် လူ့သဘော လူ့မနောတို့ကို ဆည်းပူးလေ့လာ၍ မကုန်နိုင်ပါပေ။ အလွှာအသီးသီးမှ စာပေပညာရှင်တို့၏လက်ရာမွန်များကြောင့် တပ်မတော်သား၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာတို့၏ဘဝများကိုမြင်ခွင့်ရသည်။ ရိုးရာယဉ်ကျေးမှုများအကြောင်းကိုလည်း သိခွင့်ရသည်။ စာရေးဆရာတစ်ဦးချင်းစီ၏ အတွေ့အကြုံများမှသည် စာပေဥယျာဉ်ကြီးတစ်ခုဖြစ်လာရသည်။ ထိုစာပေဥယျာဉ်ကြီးအတွင်း လေ့လာမှတ်သားဖွယ် ပညာရပ်မျိုးစုံကို အမိအရဖမ်းယူကာ ကိုယ်စီကိုယ်စီ ကြိုးစားကြမည်ဆိုပါလျှင် ယဉ်ကျေးသိမ်မွေ့သော၊ ဓမ္မနှင့်အဓမ္မကောင်းစွာ ခွဲခြမ်းစိတ်ဖြာနိုင်သော လူကောင်းလူတော်များ မလွဲမသွေဖြစ်လာကြပေမည်။

ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းလုံး စာဖတ်ရှိန်မြှင့်တင်ရေးများဆောင်ရွက်နေသည်။ ဖတ်ရုံနှင့်မပြီးဘဲ အမှန်တကယ်လိုက်နာကျင့်သုံးကြဖို့လည်းလိုသည်။ သို့မှသာ တိုးတက်မှုရှိပေမည်။ တာဝန်ရှိမှုကြောင့် စာဖတ်ပြရခြင်းမျိုးမဟုတ်ဘဲ ဘဝလမ်းကြောင်းမတိမ်းစောင်းဖို့၊ နှလုံးသားစိတ်အာဟာရဖြည့်ဖို့ စာဖတ်ရခြင်းဖြစ်ကြောင်း နားလည်ကြဖို့လိုပါသည်။ စာပေနှင့်ပတ်သက်၍ စာပေပညာရှင်များနှင့် အစိုးရတာဝန်ရှိသူများက စိတ်ရောကိုယ်ပါနှစ်လျက် အားပေးအားမြှောက်ပြုနေချိန်တွင် အောက်ခြေအဆင့်တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းအဆင်ပြေစေရေး **"ဟန်ပြ"** လုပ်ဆောင်ခြင်းမျိုးထက် အနှစ်သာရရှိစေဖို့ အရေးတွေးစေလိုသည်။ ပခုက္ကူဦးအုံးဖေစာပေဆု၊ စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆု အသီးသီးသည် စာရေးဆရာတိုင်းခုံမင်တန်ဖိုးထားသော ဆုများဖြစ်ကြ၏။ ဆုရသည်ဖြစ်စေ၊ ဆုမရသည်ဖြစ်စေ၊ ငွေကြေးအားဖြင့်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ စာရေးဆရာတို့သည် ဝါသနာထုံသော စာရေးခြင်းအတတ်ပညာကို မစွန့်လွှတ်နိုင်ကြပေ။ ထိုဝါသနာတွင် ကိုယ်ရည်သွေးလိုခြင်း၊ အောင်မြင်မှုရယူလိုခြင်းတို့ထက် အများပြည်သူအတွက်ဟူသော စေတနာတို့က ရှေ့ဆုံးမှရှိနေပါ၏။ ထို့ကြောင့်ပင် ဝေလည်းမွှေး ကြွေလည်းမွှေးမှ တပ်ကြပ်ကြီးဖိုးစည်ကို စာရေးသူတို့သဘောကျခဲ့သည်။ အရေးကြီးပြီ သွေးစည်းကြစို့မှ ဇာတ်ကောင် အင်ဂျင်နီယာ ဦးသောင်းဒန်ကို အားကျလေးစားမိသည်။ ကြိုးကြာတောင်ပံခတ်သံမှ ချင်းတောင်လတ်ငြိမ်းကို အားကျခဲ့သည်။ အများနှင့်မသက်ဆိုင်သောလူမှ စိတ်မနှံ့သော်ငြား လူသားပီသသည့် ဇာတ်ကောင်ကို အတုယူခဲ့မိသည်။ ဆရာကြီး မင်းသုဝဏ်၏ သူ့မှာတမ်း ကဗျာထဲမှ ပြောက်ကျားရဲဘော်လေးကို လေးစားငဲ့ညှာမိသည်။ စာပေမှပေးသော စွမ်းအားများပင်တည်း။ စာပေသူရဲကောင်းများသည် ကုန်နိုင်ဖွယ်မရှိ။ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပေါ်ထွက်နေမည်သာဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စာပေပညာရှင်များအား ထိုက်သင့်သည့်ချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရသည့်အတွက် ဝမ်းသာမိပါသည်။ အစဉ်အလာကောင်းတို့ဖြင့် ရပ်တည်ခဲ့သောမြန်မာစာပေသည် ရဟန်းစာဆို၊ လူစာဆို၊ မင်းမှုထမ်းစာဆိုတို့၏ ကလောင်စွမ်းဖြင့် နှောင်းလူတို့မှတ်သားကိုးကားစရာများကို ပေထက်အက္ခရာတင်ခဲ့ကြ၏။ ရှေးစာဆိုကြီးများ၏ စာပေလက်ရာများကို နည်းမှီဆန်းသစ်လျက် မျက်မှောက်ကာလတွင်လည်း ရဟန်းစာဆို၊ လူစာဆို၊ မင်းခယောကျ်ား စာဆိုစစ်သည်များကလည်း အမျိုးသားစာပေကို လက်ဆင့်ကမ်းထိန်းသိမ်းလျက်ရှိပေသည်။ ထိုအမျိုးသားစာပေရေရှည်တည်တံ့ခိုင်မာစေဖို့ တစ်ဖက်တစ်လမ်းမှ စာပေအုတ်မြစ်ချပေးခဲ့သော ပခုက္ကူဦးအုံးဖေ၏ကျေးဇူးကားကြီးမားလှပေစွ။ သူ၏ကျေးဇူးကြောင့် မျိုးဆက်သစ်ကလောင်ရှင်များ ထပ်မံပေါ်ထွက်ခဲ့ကြပြီး စာပေအသိအမြင်ကို ထပ်မံမျှဝေနိုင်ခဲ့ကြသည်။

ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင်ကျင်းပခဲ့သည်။ ယခုဆိုလျှင် နှစ်ပေါင်း ၃၀ ရှိခဲ့လေပြီ။ **မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်စေမှုကို ရှေးရှုရန်၊ အတွေးအခေါ်နှင့် အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားကျယ်ပြန့်စေရေးအတွက်ကူညီရန်၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေးအတွက် အထောက်အပံ့ဖြစ်သော စာပေများ တိုးပွားစေရန်**ဟူသည့် ချမှတ်ထားသော အခြေခံမူများနှင့်အညီ ငွေရတုအလွန်ကာလမှသည် ရွှေရတု၊ စိန်ရတုများအထိ ရတုအဆက်ဆက် ပခုက္ကူဦးအုံးဖေစာပေဆု ရှင်သန်ရပ်တည်နိုင်ပါစေ၊ ကလောင်စွမ်းအားဖြင့် စာပေမြှင့်ကာ လူမျိုးတင့်နိုင်ပါစေ၊ အမှောင်ခွင်း၍ အလင်းဆောင်နိုင်ကြပါစေ ဟု ရည်သန်လျက် အကြိမ်(၃၀) မြောက် ပခုက္ကူဦးအုံးဖေစာပေဆုချီးမြှင့်ပွဲအခမ်းအနားမြင်ကွင်းကို ခံစားသက်ဝင် မုဒိတာရင်ခွင်ဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**▲ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်စေမှုကိုရှေးရှုရန်၊ အတွေးအခေါ်နှင့် အသိဉာဏ်ပညာ ဗဟုသုတ တိုးပွားကျယ်ပြန့်စေရေးအတွက်ကူညီရန်၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေးအတွက် အထောက်အပံ့ဖြစ်သောစာပေများ တိုးပွားစေရန် . . .**

# (၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဘူရီယမ်မြို့၌ ဩဂုတ်လ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများ အစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံအပေါင်း ၃ နိုင်ငံများ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အရှေ့အာရှပညာရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ရန် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်ဝင်း၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန် ကုန် အနောက် ပိုင်း တက္ကသိုလ် တို့မှ ပါမောက္ခချုပ်များ၊ ရန်ကုန်တိုင်းအခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ လိုက်ပါသွားကြသည်။

အဆိုပါအစည်းအဝေးကို "ဒစ်ဂျစ်တယ်ခေတ် ပညာရေးအသွင်ကူးပြောင်းရေး" ဟူသောခေါင်းစဉ်ဖြင့် ထိုင်းနိုင်ငံက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



# ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်




နေပြည်တော် ဩဂုတ် ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့နံနက်ပိုင်းက ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ-၂၀၂၃ ဖြင့်ဆောင်ရွက်သည့် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဖော်ဆောင်ရေးဆွေးနွေးပွဲ (Seminar on Making Tourism More Sustainable in Cultural Heritage Destinations in the Post Pandemic) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E .Ms. Ma Jia၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဧည့်သည်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းအပြင် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေမှ စီမံကိန်းသုံးခုကိုရရှိထားခဲ့ပြီးဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်းနိုင်ငံများအကြား ယဉ်ကျေးမှုနှင့် ကမ္ဘာ့အမွေအနှစ်နေရာများကိုထိန်းသိမ်းစောင့်ရှောက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရန်၊ ယဉ်ကျေးမှုနှင့် ကမ္ဘာ့အမွေအနှစ်နေရာများ၏ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကြုံတွေ့လျက်ရှိသည့်စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံကောင်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က ဂုဏ်ပြုအမှာစကားပြောကြားပြီး မဲခေါင်-လန်ချန်းပူးပေါင်းညှိနှိုင်းရေးရုံးအဖွဲ့(မြန်မာ)မှ ကိုယ်စားလှယ်တစ်ဦးက အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်းနိုင်ငံများမှ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာပညာရှင်များနှင့် ဆွေးနွေးပွဲတက်ရောက်လာသူများက ခရီးသွားလုပ်ငန်းဖြင့် ဒေသတွင်းယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများ ရေရှည်တည်တံ့အောင်ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဆိုင်ရာအလေ့အကျင့်ကောင်းများမျှဝေခြင်း၊ ယဉ်ကျေးမှုအမွေအနှစ် ခရီးစဉ်ဒေသများမြှင့်တင်ခြင်းကိစ္စရပ်များကို အပိုင်းသုံးပိုင်းခွဲ၍ စကားဝိုင်းဆွေးနွေးခြင်းနှင့် မေးခွန်းများမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia ကို ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ မဲခေါင်း-လန်ချန်းအဖွဲ့ဝင်နိုင်ငံများအချင်းချင်း မြန်မာနိုင်ငံရှိ ပုဂံမြို့ကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်မြို့များကို ညီအစ်မမြို့တော်များ (Sister Cities) အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာတို့ကို ရင်းနှီးပွင့်လင်းစွာအပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနပိုင် ဟိုတယ်များနှင့် တုရင်တောင်ခြေရှိ Tuyin Villa Eco Farm အပန်းဖြေစခန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများတွင် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်းဖော်ဆောင်ရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့်တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

(၅၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°င | / | ၂၉.၈°င |
| ရန်ကုန် | ၂၄°င | / | ၃၁.၈°င |
| မန္တလေး | ၂၅°င | / | ၃၄.၂°င |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# Myanmar Cyber Security Challenge 2024 (အလွတ်တန်းအဆင့်) ပြိုင်ပွဲနှင့် ဆိုက်ဘာလုံခြုံရေးအသိပညာပေး ဗီဒီယိုပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်) ဆုပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်




နေပြည်တော်   ဩဂုတ်   ၂၄

Myanmar Cyber Security Challenge 2024 (အလွတ်တန်းအဆင့်) ပြိုင်ပွဲနှင့် ဆိုက်ဘာလုံခြုံရေး အသိပညာပေး ဗီဒီယို ပြိုင်ပွဲ-၂၀၂၄ (တက္ကသိုလ်အဆင့်) ဆုပေး ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန ရုံးအမှတ်(၂)၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆိုက်ဘာလုံခြုံရေးအသိ ပညာပေးဗီဒီယိုပြိုင်ပွဲ-၂၀၂၄(တက္ကသိုလ် အဆင့်)တွင် ဆုရရှိသောဗီဒီယိုဖိုင်များကို ပြသသည်။

ထို့နောက် ပထမဆုရရှိသော အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှမမြတ်ရွှေစင်မှူး၊ ဒုတိယဆုရရှိ သော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)မှ မောင်ပြည်ငြိမ်း အောင်၊ တတိယဆုရရှိသော ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ မောင်မြတ်မင်းခန့်၊ နှစ်သိမ့်ဆုရရှိသော အမျိုးသားယဉ်ကျေး မှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်ကောင်းခန့်တင်ကျော်၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)မှ မောင်စောဇင် လင်းထက်နှင့်အကဲဖြတ်ဒိုင်အဖြစ် ဆောင် ရွက်ခဲ့ကြသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ယခု ဆိုက်ဘာလုံခြုံ ရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲတွင် ပထမ ဆုရရှိသော ဗီဒီယိုဖိုင်ကို Cyber Security Brunei က တာဝန်ယူဆောင်ရွက်သော ASEAN-JAPAN Cyber Security Awareness Video Competition 2024 တွင် မြန်မာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်သွားမည်ဖြစ် ကြောင်းသိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်း ဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် အသင်းအုပ်ချုပ် သူများတက်ရောက်ခဲ့ကြပြီး Myanmar Cyber Security Challenge ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

Myanmar Cyber Security Challenge ပြိုင်ပွဲသို့ တပ်မတော်နည်းပညာတက္ကသိုလ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာ တက္ကသိုလ်များနှင့် အစိုးရစက်မှုလက်မှု သိပ္ပံများမှ အသင်း ၂၅ သင်း၊ ကျောင်းသား/ ကျောင်းသူ စုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ် ပြိုင်ခဲ့ကြကာ U_SH3LL အသင်းက ပထမ၊ mm_cyb3r_s4g3 အသင်းက ဒုတိယနှင့် Cryptoknights အသင်းက တတိယရရှိခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် Myanmar Cyber Security Challenge ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ အကန့်အသတ်ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်း မရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ပြန်လည်ကျင်းပ နိုင်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် (၈) ကြိမ်မြောက် ကျင်းပနိုင်ခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲမှ အနိုင်ရထူးချွန်သူများကို အာဆီယံ ဒေသတွင်းနိုင်ငံများတွင် ကျင်းပသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရ သည်။

(သတင်းစဉ်)

# နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းယာယီဖြစ်ပေါ်ခဲ့



နေပြည်တော်   ဩဂုတ်   ၂၄

နေပြည်တော်ကောင်စီနယ်မြေအတွင်း ဩဂုတ်လ ၂၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ယနေ့နံနက်ပိုင်းတွင် ဒေသတွင်းရှိ ချောင်းမြောင်းများ ရေကြီး ရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါချောင်းများ ဧရိယာဝန်းကျင်ရှိ လူနေအဆောက်အအုံ အချို့ ရေဝင်ရောက်နစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ အဆိုပါဒေသများကို သက်ဆိုင်ရာအုပ်ချုပ် ရေးအဖွဲ့အစည်းများနှင့် လူမှုရေးအသင်း အဖွဲ့များပူးပေါင်း၍ ကူညီစောင့်ရှောက်မှု ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်း နောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနား မြို့တွင်း ငလိုက်ချောင်းနှင့် ဆင်သေချောင်း တစ်လျှောက် ရေစီးဆင်းမှု၊ ချောင်းဧရိယာ ဝန်းကျင်ရှိ လူနေအဆောက်အအုံအချို့ ရေဝင်ရောက်မှုအခြေအနေများကိုကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ ကြည့်ရှုစစ်ဆေးမှု များအရ ငလိုက်ရေလှောင်တမံသည် ကန် ရေပြည့်သို့ရောက်ရှိရန် ၂ ပေခန့်လိုအပ် နေသေးကြောင်းသိရှိရပြီး ငလိုက်ချောင်း အတွင်း တိုက်ရိုက်စီးဝင်သည့် တောင်ညို ချောင်းနှင့် တံခွန်တိုင်ချောင်းတို့မှရေစီး ဆင်းမှုများပြားခြင်းကြောင့် ငလိုက်ချောင်း အောက်ပိုင်းရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ချောင်း ဧရိယာအတွင်းရှိလူနေအိမ်အချို့တွင်ရေဝင် ရောက်နစ်မြုပ်ခြင်းသာဖြစ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်း၌ ဆင်သေချောင်းအပါအဝင် အခြား ချောင်းငယ်များတွင်လည်း ရေစီးဆင်းမှု များပြားကြောင်းသိရှိရပြီး အဆိုပါရေစီး ဆင်းမှုများမှာ ရေလှောင်တမံများ၏ ရေပို လွှဲမှ ရေကျော်စီးဆင်းခြင်းကြောင့်မဟုတ် ဘဲ ဩဂုတ်လ ၂၃ ရက်တွင် ဥတ္တရသီရိမြို့နယ် ၌ ၄ ဒသမ ၈၈ လက်မ၊ ပုဗ္ဗသီရိမြို့နယ်၌ ၄ ဒသမ ၃၃ လက်မနှင့် အခြားမြို့နယ်များ အတွင်း မိုးသည်းထန်ပျံ့နှံ့စွာရွာသွန်းခဲ့ခြင်း ကြောင့်သာဖြစ်ကြောင်း၊ နေပြည်တော် ဧရိယာရှိ အဓိကရေလှောင်တမံများဖြစ် သည့် ငလိုက်ရေလှောင်တမံတွင်ကန်ရေပြည့် ရန် ၂ ပေခန့်၊ ဆင်သေရေလှောင်တမံတွင် ၂၂ ပေခန့်နှင့် ရေဆင်းရေလှောင်တမံတွင် ၁၃ ပေခန့်လိုနေပြီး ပေါင်းလောင်းရေလှောင် တမံတွင်သာ ရေပိုလွှဲမှ ၅ ပေခန့် ရေကျော် စီးဆင်းလျက်ရှိကြောင်း၊ ရေအားလျှပ်စစ် ထုတ်လုပ်လျက်ရှိသည့် ပေါင်းလောင်း ရေလှောင်တမံရေပိုလွှဲမှ ရေကျော်စီးဆင်း လာသောရေများသည် ပေါင်းလောင်း ချောင်းမှ စစ်တောင်းမြစ်အတွင်းသို့ ပုံမှန် စီးဆင်းလျက်ရှိသဖြင့် ဒေသ၏ရေကြီး ရေလျှံမှုဖြစ်ပေါ်ရန်မရှိကြောင်း။

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ၌ ယမန်နေ့ညနေပိုင်းနှင့် ညပိုင်းတွင် သည်းထန်ပျံ့နှံ့စွာရွာသွန်းခဲ့သည့် မိုးရေ များ စီးဝင်မှုမှတစ်ဆင့် ချောင်းမြောင်းများ ယာယီရေကြီးရေလျှံမှုဖြစ်ပေါ် ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရေများပြန်လည်လျော့ကျ လာလျက်ရှိကြောင်း၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရေလှောင် တမံများအားလုံး ကြံ့ခိုင်မှုကောင်းမွန်ပြီး စိုးရိမ်ရန်အခြေအနေမရှိကြောင်း သိရ သည်။**

(သတင်းစဉ်)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြိမ် (၃၀) မြောက် ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ် စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ပခုက္ကူစာပေဆုရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိစာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းစာအုပ်စုစုပေါင်း ၃၀၀၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက မြန်မာနိုင်ငံ စာကြည့်တိုက်များသို့လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ(၆)နှင့် အတွဲ(၇) တစ်မျိုးလျှင်အုပ် ၁၀၀၀ စီ စုစုပေါင်းအုပ် ၂၀၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေ(မောင်ဆွေသက်)က လက်ခံရယူစဉ်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကော်မတီဝင်များ၊ စာရေးဆရာ၊ ဆရာမကြီးများ၊ စာပေဆုရပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ(၆)နှင့် အတွဲ(၇)တစ်မျိုးလျှင် အုပ် ၅၀၀ စီ စုစုပေါင်း အုပ် ၁၀၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးထွန်းထွန်းဦးက လက်ခံရယူစဉ်။

ဦးစွာ "စာပေကဏ္ဍအတွက် တန်ဖိုးဖြတ်မရနိုင်သော ပခုက္ကူစာပေဆု Video Clip နှင့် ပါရီအိုလံပစ်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား " Video Clip တို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယနေ့ ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၆ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူစာရေးဆရာ၊ ဆရာမကြီးများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိစာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကိုလည်း မကြာခဏ လှူဒါန်းပေးလျက်ရှိကြောင်း၊ ယနေ့အခမ်းအနားတွင်လည်း လူထုသိပ္ပံကျမ်း အတွဲ(၆) နှင့် အတွဲ(၇) တစ်မျိုးလျှင် အုပ် ၁၅၀၀ စီဖြင့် စုစုပေါင်း အုပ် ၃၀၀၀ ကို ထပ်မံလှူဒါန်းကြောင်း၊ စာကြည့်တိုက်များ၏အခန်းကဏ္ဍအရေးကြီးပုံနှင့် စာကြည့်တိုက် ယဉ်ကျေးမှုထွန်းကားရေးကို လုပ်ဆောင်ကြရန် လိုအပ်ပုံကို တိုက်တွန်းလေ့ရှိသကဲ့သို့ စာတတ်သူတိုင်း စာဖတ်ကြရေး၊ စာတတ်ရုံ၊ အတတ်ပညာ ပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်၊ ဗဟုသုတ ကြွယ်ဝ... ငါးတန်ပြည့်ဝသော လူငယ်များ ပေါ်ထွက်လာစေရေးအတွက် တာဝန်ရှိသူများအပြင် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးကြီးပုံကို အလေးထားမှာကြားလေ့ရှိကြောင်း၊ ထို့ပြင် ကျောင်းစာကြည့်တိုက်နှင့် ရပ်ကွက်စာကြည့်တိုက်များတိုးပွားရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် စာပေ၏ အရေးကြီးသော အခန်းကဏ္ဍကို အလေးထားရန် မိမိတို့ကို မှာကြားလေ့ရှိကြောင်း။

စာပေ၏အစွမ်းသတ္တိသည် အမှောင်ခွင်းပြီး အလင်းဆောင်နိုင်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀ ကို ထည့်ဝင်လှူဒါန်းကြောင်း၊ ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်ကြီးများကလည်း စာပေဗိမာန်က ဆောင်ရွက်လျက်ရှိသည့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီအားဖြည့်ပေးကြပါဟု မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ပခုက္ကူဦးအုံးဖေ

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ
## ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုပွဲစဉ်များစတင်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ စတင်ကျင်းပသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် လိဂ် (၁) ကလပ်အသင်း ကိုးသင်း၊ လိဂ် (၂) ကလပ်အသင်း ကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်း နှစ်သင်း၊ ၂၀၂၄ အပျော်တမ်းပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းဖြင့် ကျင်းပခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် Generations FC အသင်းနှင့် Gold Dream FC အသင်းတို့ကစားခဲ့ရာ Generations FC အသင်းက ၇ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် SGF FC အသင်းနှင့် Pyae Sone FC အသင်းတို့ ကစားခဲ့ရာ Pyae Sone FC အသင်းက ၅ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် Futsal 19 အသင်းနှင့် Let Wel Youth အသင်းတို့ကစားခဲ့ရာ Futsal 19 အသင်းက ၉ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီခွဲတွင် TG United အသင်းနှင့် RPG FC အသင်းတို့ကစားခဲ့ရာ TG United အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် Winner Soccer အသင်းနှင့် Yankin Brotherhood အသင်းတို့ကစားခဲ့ရာ Winner Soccer အသင်းက ၉ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

**စည်သူအောင်**

တည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) က လည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များသို့ လှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၆) နှင့် အတွဲ(၇) တစ်မျိုးလျှင် အုပ် ၁၀၀၀ စီ စုစုပေါင်း အုပ် ၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌဦးညွှန့်ဆွေ (မောင်ဆွေသက်)က လည်းကောင်း၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များလက်အောက်ရှိ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်းအတွဲ(၆)နှင့် (၇)တစ်မျိုးလျှင် အုပ် ၅၀၀ စီ စုစုပေါင်းအုပ် ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးထွန်းထွန်းဦးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ ငွေကျပ် ၇၅ သိန်းကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူပြီး စာပေဆုရွေးချယ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပခုက္ကူစာပေ တစ်သက်တာဆုရ ဆရာကြီး ဦးခင်အောင်(ရွှေဘိုဘာမထီခင်အောင်)ကိုယ်စား သမီး ဒေါ်သရဖီစိမ်းအောင်အား ဆုပေးအပ်စဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပခုက္ကူစာပေ တစ်သက်တာဆုရ ဆရာကြီး ဦးတင့်လွင်(တက်လူ)ကိုယ်စား သား ဦးစည်သူလွင်အား ဆုပေးအပ်စဉ်။

ဆက်လက်၍ ပခုက္ကူစာပေတစ်သက်တာဆုများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ ဆရာကြီး ဦးခင်အောင် (ရွှေဘိုဘာမထီခင်အောင်) ကိုယ်စား သမီးဖြစ်သူ ဒေါ်သရဖီစိမ်းအောင်နှင့် ဆရာကြီး ဦးတင့်လွင် (တက်လူ) ကိုယ်စား သားဖြစ်သူ ဦးစည်သူလွင်တို့က လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့်ဦးညွှန့်တင်(မောင်ငြိမ်းသူ ကြို့ပင်ကောက်)တို့က ပခုက္ကူစာပေဆု ဝတ္ထုရှည် ဒုတိယဆုရ မေတ္တာထွေးနွေးပါသည် ဝတ္ထုရေးသားသူ ဆရာညိမ်းညို၊ ဝတ္ထုရှည် တတိယဆုရ စိတ်ဝတ္ထုရေးသားသူ ဆရာနေစိုးသော်၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ မုသားချိုချိုနှင့် အခြားဝတ္ထုတိုများကို ရေးသားသူ ဆရာအမေ့သား(နတ်မောက်)၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ အတိုဆုံးဝတ္ထု၊ အရှည်ဆုံးပြဇာတ်နှင့် အခြားဝတ္ထုတိုများကို ရေးသားသူ ဆရာကိုနီသွေး (မန်းမြို့)၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ မွေးရပ်မြေနှင့် သူငယ်ချင်းနှင့် သုတရသ ဝတ္ထုပေါင်းချုပ်ကို ရေးသားသူ ဆရာထွန်းလှိုင်(မြိုင်)၊ ကျမ်းစာပေ ပထမဆုရ ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရ၏ဘဝနှင့်စာပေကိုရေးသားသူ ဆရာကိုတိုး (ရန်ကင်း)၊ ကျမ်းစာပေ ဒုတိယဆုရ ရတနာပုံအိမ်ရှေ့စံကိုရေးသားသူ ဆရာဦးဝင်းမြင့်မောင်(လင်းအရုဏ်ဦး)၊ ကျမ်းစာပေ တတိယဆုရ ရုပ်ရှင်နှင့်နိုင်ငံရေး၊ အမျိုးသားရေးအခန်းကဏ္ဍကို ရေးသားသူ ဆရာသက်ဦးမောင်၊ သုတေသနစာပေ ပထမဆုရ သရေခေတ္တရာ ပျူတို့၏ ရွှေထည်၊ ငွေထည် ယဉ်ကျေးမှုအနုလက်ရာများကို ရေးသားသူ ဆရာမာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)၊ ကဗျာပေါင်းချုပ် ပထမဆုရ ရောင်နီသန်းချိန် ပန်းပွင့်ချိန်ကိုရေးသားသူ ဆရာကောင်းနွဲ့၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ မွေးမြဂုဏ်ရည် စာပန်းသီကဗျာများကိုရေးသားသူ ဆရာရွှေမင်းသား(စစ်ကိုင်း)၊ ကဗျာပေါင်းချုပ် တတိယဆုရ ဘဝတေးသံကဗျာများ ရေးသားသူ ဆရာတော် ကနောင် နိုင်နွယ်ဦး၊ သုတေသနစာပေ ဒုတိယဆုရ ဆိုကရေးတီး ရိုးရာခရီးကို ရေးသားသူ ဆရာကိုဇော်ငွေး (ယဉ်ကျေးမှု)နှင့် သုတေသနစာပေတတိယဆုရ လပြည့်နေ့ဖွား မြန်မာလူကျော်များကို ရေးသားသူ ဆရာလက်ယာ(မေတ္တာတံခွန်)တို့က ဆုများလက်ခံရယူကြသည်။

ထို့နောက် အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုရရှိသူများနှင့် ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆုရရှိသူများကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးတို့က ဆုများပေးအပ်ချီးမြှင့်ရာ ကျွန်တော်သိသော ကျွန်တော့်ရွာ စာအုပ်ရေးသားသူ ဆရာခင်မောင်ဝင်း(အညာမြေ)၊ သရဒွေးလက်ာအဖွင့်ကျမ်းစာအုပ်ရေးသားသူ ဆရာသဲ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပညာသင်ဆုရရှိသူ မသန့်ဖြူဖြူထွန်း(ဒုတိယနှစ်၊ ပန်းချီပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပညာသင်ဆုရရှိသူ မောင်မင်းသုဟန်ကျော် (ဒုတိယနှစ်၊ ပန်းချီပညာဌာန)တို့က ဆုများလက်ခံရယူကြသည်။

ယင်းနောက် စာပေအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက ရှင်းလင်းပြောကြားပြီး ဆုရရှိသူများကိုယ်စား ပခုက္ကူစာပေဆု သုတေသနစာပေ ပထမဆုရ ဆရာမာန်သစ်ငြိမ်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတွင် ပြသထားသည့် ဆုရရှိသူများ၏ ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ (၅၀၀)

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ကန့်ဘလူ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတများပိုမိုရရှိစေရန် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က စာပေဖတ်ရှုလေ့လာခြင်းသည် ဘဝအတွက်အလွန်အရေးကြီးသောအချက်ဖြစ်သောကြောင့် ငယ်ရွယ်စဉ်ကတည်းက စာပေဖတ်ရှုလေ့လာမှုအလေ့အကျင့်ကောင်းကို ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ အသိပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရေးအတွက် ကျောင်းစာအပြင် ပြင်ပစာပေများကို ဖတ်ရှုလေ့လာကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ ကလေးများအတွက် အသိပညာပေးနံရံကပ်စာစောင်များ၊ သုတရသစာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Kyaiklat Township ships 85,000 baskets of Nankar rice variety to Yangon market in July



KYAIKLAT August 24

"Up to 85,000 baskets of Nankar rice variety were shipped from Kyaiklat Township, Phapon District, Ayeyawady Region to the Yangon Market during July," said Daw Htay Htay, a rice trading fair owner from Kyaiklat Township.

Only 65,000 baskets of Nankar rice variety were shipped from Kyaiklat Township to Yangon market during June, and this type of rice is preferred by consumers.

"Most of the agricultural products from Kyaiklat Township are shipped to the Yangon market. That type of rice is included in the type of broken rice. Even though it is a type of broken rice, basic consumers prefer it and it is good to eat. The current rice market is still up. There are connections to buy a lot of rice from the Yangon market this month. There is no difficulty when making a sale," she said.

The price of 100 baskets of the Nankar rice variety from Kyaiklat Township to the Yangon market was Ks-1,970,000 in July. **SMK**

# Labutta ships 87,000 visses of squids to Yangon in July



LABUTTA August 24

"Up to 87,000 visses of squids were shipped from Labutta Township, Ayeyawady Region, to Yangon in July," said Daw Yi Yi, owner of fishery products sales centre in Labutta Township.

During June, only 52,000 visses of squids were shipped from Labutta Township to Yangon, and 87,000 visses of squids were sold in the month from July 1 to 31. It is reported that the price of squids is from Ks-21,000 to Ks-27,000 per viss.

"We are regularly shipping fishery products from the Labutta Township to Yangon. With the arrival of the open season, there will be more sales of squids. Compared to June, we sold 35,000 more squids in July. The squid market is stable," she said.

The squids caught from the sea are systematically inspected and cleaned, and then sent to Yangon for sale. Most of these squids are exported to China and Thailand through Yangon. It is reported that because of the good price of squids, the business of traders, fishermen, fishery products businessmen, and truck rental companies are operating comfortably. **SK**

# 72,000 acres of varieties of crops grown in Kyunhla Township

KYUNHLA August 24

A total of 72,000 acres of varieties of crops has been planted in Kyunhla Township of Sagaing Region in 2024-2025 monsoon, according to statistics released by the Township Agriculture Department.

A total of 72,000 acres of varieties of crops including 29,517 acres of paddy, 16,950 acres of pulses, 7,319 acres of oilseed crops, 51 acres of sugarcane, 17,357 acres of other types of crop and 1,549 acres of perennials has been grown this monsoon in the Township.

The Township earmarked 76,858 acres of varieties of crops in 2024-2025 monsoon, but local farmers have only planted 72,000 acres of varieties of crops so far, according to Daw Myint Myint Yee, staff officer of the Township Agriculture Department.

In order to successfully develop rain-fed crop plantations and achieve the targeted output, the Township Department of Agriculture is making field trips and providing knowledge on agricultural techniques such as good quality seeds, systematic ways of planting, prevention of pest infestation, unnecessary use of pesticides, systematic use of natural fertilizers and chemical fertilizers to farmers in the Township. **SMK**

# More than 54,000 acres of summer paddy harvested in Shwebo Township

SHWEBO August 24

A total of 54,436 acres of summer paddy has been harvested in Shwebo Township of Sagaing Region, statistics of Shwebo Township Agriculture Department indicated.

In 2023-2024 summer season, farmers started harvesting of summer paddy in Shwebo Township, and so far, they have reaped 54,436 acres of summer, yielding 88.21 baskets per acre.

U Hsan Oo, Head of Shwebo Township Agriculture Department said: "A total of 54,436 acres of summer paddy has been planted in Shwebo Township. So far, farmers have harvested all acres of summer paddy. Our department raised awareness of farmers to prevent pests, minimize loss and waste of summer paddy in harvesting process and keep harvested paddy under shelter in time."

In 2023-2024 summer season, farmers could meet the target cultivation of 54,436 acres of summer paddy in Shwebo Township.

This year, agricultural staff conducted training courses for local farmers to have knowledge about of boosting per-acre yield of summer paddy, use of quality strains of paddy seeds, field demonstration, and distribution of agricultural inputs. **SK**

# ChaungU Township finishes cultivation of more than 6,000 acres of oil crops

CHAUNGU August 24

A total of 6,180 acres of oil crops have been planted as monsoon crops in ChaungU Township of Sagaing Region, according to the ChaungU Township Agriculture Department.

Local farmers planted 6,180 acres of oil crops starting from May this year, against the target of 13,328 acres.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department clarified: "Local authorities planned to grow more than 10,000 acres of oil crops this monsoon but local farmers have grown more than 6,000 acres of oil crops against the target. They are striving for meeting the target cultivation. Oil crops are thriving in the croplands."

This year, ChaungU Township planted 5,320 acres of groundnut, 650 acres of sesame and 210 acres of sunflower, totalling 6,180 acres.

In 2024-2025 season, the township earmarked 9,500 acres of groundnut, 3,600 acres of sesame and 228 acres of sunflower, totalling 13,328 acres.

Staff of Township Agriculture Department urged local farmers to expand sown acreage of oil crops, use GAP system and quality strains of crops to boost per acre yield of crops.

Agricultural staff help local farmers by inspecting croplands for prevention of pests and weeding croplands. **SMK**

# The number of visitors to increase in Bagan during the rainy season

BAGAN August 24

During the rainy season, Bagan in the dry zone has no shortage of daily tourists, and the number of visitors is likely to increase, according to locals.

The number is not as high as that in the fair weather season, but there is an uninterrupted daily arrival of tourists during the rainy season, and it is more crowded on Saturdays, Sundays, and public holidays. As there is an annual festival for "the day Boe Min Gaung left" in coming September, there will be more visitors, Bagan residents said.

"If the holiday period is two or three days long, there are a lot of visitors. In previous years, during the rainy season, the arrival of tourists was less. Not only this year. During the festival of the day that Boe Min Gaung left, many tourists come to Bagan. They arrive in express buses. In a year when the Taungbyone Festival is held, visitors drop in Bagan after that festival. There is no shortage of tourists to Bagan. Only the number differs," said a Bagan hotel employee.



Some tour companies in Yangon Region are now selling package trips in September to the festival of the day Boe Min Gaung left (Popa) and the to Bagan-NyaungU pilgrimage tour.

Family groups has decreased among the travellers during the school-opening season, but there are more young and middle-aged visitors, and tourist arrivals are expected to increase again from October Thadingyut holidays, which fall in the open season.

During this year's rainy season, most domestic travellers visit Bagan and Popa in the dry zone, and Hpa-an with naturally beautiful scenes, while some make day trips to Chaungtha and Ngwehsaung beaches near Yangon.

**SK**

# Shan State's djenkol beans popular in the local market



YANGON August 24

Including the Yangon Region, djenkol beans produced from Shan State are consumed the most in Hpa-an, Myawady and Mawlamyine, and orders become mounted, according to the vegetable market.

Djenkol beans, produced by Shan State, are one of the most-consumed foods, and their price has been higher this year compared to last year. In Yangon, they are distributed at the Danyingon market and the Htaukkyant market.

"Price quite differs this year compared to last year. The price is pretty good this year. The trade also increases. The price fluctuates, and demand becomes better. Sometimes, we need to break the trading because of the weather for about three days, but orders increase when we resume the trade. Rather than people in Shan State, djenkol beans are consumed the most by people in the lower part such as Hpa-an, Myawady, Mawlamyine and Yangon," said an official from a Shan djenkol bean and pear wholesale centre at Aungban vegetables wholesale trading centre. It is the harvest season of Shan State's djenkol beans, which starts in July and ends in Thadingyut (Myanmar lunar month).

"Shan's djenkol beans sold in a basket and weigh eight visses," he added.

Djenkol bean is a seasonal food, and many people enjoy eating it boiled, grilled or salted. **SMK**

# More than 3,000 acres of pulses and beans planted in Kalay Township

KALAY August 24

Statistics of Kalay Township Agriculture Department showed that a total of 3,636 acres of pulses and beans has been cultivated in Kalay Township of Sagaing Region this monsoon.

The township earmarked 3,691 acres of pulses and beans this monsoon but local farmers have planted 3,636 acres of beans against the target cultivation.

U Naing Tun Win, Head of Kalay Township Agriculture Department explained: "Farmers have planted 3,636 acres of pulses and beans against the target of 3,691 acres this monsoon. They are trying hard to meet the target cultivation. Our department raised farmer awareness to expand sown acreage of bean and urged them to use quality strains of crops to boost per-acre yield of crops."

In Kalay Township, local farmers planted 2,215 acres of green gram, 23 acres of soya bean, 1,097 acres of pigeon pea and 301 acres of rice bean, totalling 3,636 acres.

With regard to earmarked plans, the township set an arrangement to grow 2,222 acres of green gram, 27 acres of soya bean, 1,097 acres of pigeon pea and 345 acres of rice bean, totalling 3,691 acres.

This year, agricultural staff cooperate with local farmers in using quality strains of beans, agricultural inputs and post-harvest technology to minimize loss and waste of crops this monsoon.

**SK**

# Ukraine loses over 5,500 troops, 71 tanks in Kursk region since August 6

MOSCOW August 24

Ukraine has lost over 5,500 troops, 71 tanks, 57 armored personnel carriers and other military equipment in the Russian region of Kursk since early August, the Russian Defence Ministry said on Saturday.

"Since the beginning of hostilities in Kursk region, the [Ukrainian] losses amounted to more than 5,500 troops, 71 tanks, 30 infantry fighting vehicles, 57 armoured personnel carriers, 372 armoured fighting vehicles," the Defence Ministry said.

The Ukrainian army lost 170 motor vehicles, 36 artillery guns, five anti-aircraft missile systems, 11 multiple launch rocket launchers, including three HIMARS systems and one multiple launch rocket system, seven electronic warfare stations, a counter-battery warfare station, four units of engineering vehicles, including two counterobstacle vehicles and one UR-77 mine clearing vehicle.

In the attack on the Kursk Region alone, Ukraine lost more than 360 troops and 29 armored vehicles over the past 24 hours, the ministry estimated.

"Over the past 24 hours, the [Ukrainian] losses amounted to more than 360 troops and 29 units of hardware including two tanks, three infantry fighting vehicles, two armoured personnel carriers, 22 armoured fighting vehicles, two artillery guns, 12 motor vehicles, one Bukovel-AD electronic warfare stations, and one counter-battery warfare station," the bulletin read.

Russian warplanes struck Ukrainian forces in 11 settlements of the Kursk Region: Apanasovka, Vishnyovka, Borki, Krasnooktyabrsky, Kruglenkoye, Mikhaylovka, Lyubimovka, Malaya Loknya, Plekhovo, Snagost, and Yuzhny.

Clusters of enemy manpower and hardware were targeted near Atinskoye, Glukhov, Druzhba, Zhuravka, Zapseliye, Kalinov, Novaya Sloboda, Pervomayskoye, Pavlovka, Sadki, Svessa, Sumy, Surovatka, Chuikova, and Yampol, the ministry said.

In the past 24 hours, Russian troops continued to comb woods for Ukrainian sabotage groups trying to push deeper into western Russia.

"The Armed Forces of the Russian Federation continue reconnaissance and search operations to locate and eliminate the enemy small sabotage and reconnaissance groups attempting to get to the depth of the Russian territory," the Russian ministry said.

**Sputnik**

# Number of Chinese tourists to Türkiye up 102.46 pct in Jan.-July

ISTANBUL August 24

The number of Chinese visitors to Türkiye reached 230,819 in the first seven months of 2024, up 102.46 percent year-on-year, leading the way in Turkish tourism growth, showed data from the Turkish Culture and Tourism Ministry.

Overall, Türkiye recorded 29 million foreign visitors during the same period, up 8.27 percent year-on-year, according to the ministry's data released Friday.

Meanwhile, Russia registered the largest number of visitors to the country, totaling 3.6 million, which represents a 3.2-percent year-on-year increase, the data showed.

Germany ranked second with 3.5 million visitors, marking a 9-percent rise, which was followed by Britain with 2.4 million visitors, a notable 18-percent surge, the data showed. Visitors from Iran and Bulgaria were also among the top five.



Istanbul, Türkiye's largest city and a cultural hub, was the most popular destination, attracting 36 percent of the total visitors, showed the data.

Antalya, known for its sunny beaches and ancient sites, came second, drawing 29.3 percent of the visitors, while Edirne, located near the borders of Bulgaria and Greece, ranked third.

**Xinhua**

# Mali declares state of national disaster

BAMAKO August 24

The Malian transitional government said in a statement on Friday that it has declared a "state of national disaster" following flooding caused by heavy rains in the country in recent days.

Since the start of the rainy season in June, some 7,077 households nationwide have been hit by flooding, leaving 47,374 people displaced or affected, said the statement.

According to a decree issued at the end of an extraordinary Cabinet meeting on Friday, Assimi Goita, transitional president, decided to provide the government with an envelope of 4 billion CFA francs (about 6.8 million U.S. dollars) to deal with this "natural disaster."

Daoud Aly Mohammedine, Minister of Security and Civil Protection, told the press that the state of national disaster is "a very important decision" that allows "mobilizing all the resources of the state in the context of assistance and protection of all people who face the various disasters."

**Xinhua**

# Hamas delegation to arrive in Egypt for Gaza ceasefire talks

GAZA August 24

Hamas announced on Saturday that a delegation of the group will arrive in Egypt in the evening to "listen to" the results of the Gaza ceasefire negotiations in Cairo.

The visit to Cairo by the delegation, led by senior Hamas official Khalil al-Hayya, is based on an invitation from Egyptian and Qatari mediators, said Ezzat al-Rishq, a member of the Hamas Political Bureau, in a statement.

Al-Rishq confirmed Hamas's commitment to what was agreed upon on July 2, based on an announcement by U.S. President Joe Biden and UN Security Council Resolution No. 2735.

Hamas is ready to implement what was agreed upon on July 2, he said, urging pressure on Israel to adhere to the agreement and stop obstructing the achievement of a ceasefire.

On August 16, the United States, Egypt and Qatar, mediators of the Gaza ceasefire talks, announced the conclusion of two days of discussions in Doha, where a new Gaza ceasefire proposal was presented.

The mediators called the discussions constructive and conducted in a positive environment. However, Hamas, which did not participate directly in the Doha negotiations, accused Israel of adding new conditions to a previously supported proposal and expressed skepticism about the negotiations' outcome.

The ceasefire talks have reportedly resumed in Cairo earlier this week, and will continue over the weekend.

**Xinhua**

# India's forex reserves rise to 674.664 bln USD

NEW DELHI August 24

India's foreign exchange (forex) reserves increased by 4.546 billion U.S. dollars to 674.664 billion dollars during the week ended August 16, the country's central bank the Reserve Bank of India (RBI) revealed in its weekly supplement.

Forex's major component, the foreign currency assets (FCAs) rose by 3.609 billion dollars to 591.569 billion dollars.

Gold reserves increased by 865 million dollars to 60.104 billion dollars during the cited week, the RBI said.

Similarly, the Special Drawing Rights (SDRs) were up by 60 million dollars to 18.341 billion dollars.

In the previous week (i.e. ending August 9), the forex kitty had dropped by 4.8 billion dollars to 670.119 billion dollars. On August 2, the overall reserves hit an all-time high of 674.919 billion dollars.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 11 how long have you (been) … ?

Exercises

**11.3** **Complete B's answers to A's questions.**


| | A | B |
|---|---|---|
| 1 | Paul is in hospital, isn't he? | Yes, he ...has been... in hospital since Monday. |
| 2 | Do you see Lisa very often? | No, I ...haven't seen... her for three months. |
| 3 | Is Paul married? | Yes, he .......... married for ten years. |
| 4 | Is Amy married? | Yes, she .......... married to a German guy. |
| 5 | Do you still play tennis? | No, I .......... tennis for years. |
| 6 | Are you waiting for the bus? | Yes, I .......... for about 20 minutes. |
| 7 | You know Mel, don't you? | Yes, we .......... each other a long time. |
| 8 | Jack is never ill, is he? | No, he .......... ill since I've known him. |
| 9 | Martin lives in Italy, doesn't he? | Yes, he .......... in Milan. |
| 10 | Sue lives in Berlin, doesn't she? | Yes, she .......... in Berlin for many years. |
| 11 | Is Joe watching TV? | Yes, he .......... TV all evening. |
| 12 | Do you watch TV a lot? | No, I .......... TV since last weekend. |
| 13 | Do you have a headache? | Yes, I .......... a headache all morning. |
| 14 | Do you go to the cinema a lot? | No, I .......... to the cinema for ages. |
| 15 | Would you like to go to New York one day? | Yes, I .......... to go to New York. (use **always** / **want**) |

## Unit 12 for and since when … ? and how long … ?

**A** We use **for** and **since** to say how long something has been happening

We use **for** + a period of time:

- We've been waiting **for two hours**.




| | **for** | |
|---|---|---|
| two hours | a long time | a week |
| 20 minutes | six months | ages |
| five days | 50 years | years |

- Sally has been working here **for six months**. (not since six months)
- I haven't seen Tom **for three days**.

We use **since** + the start of a period:

- We've been waiting **since 8 o'clock.**




| | **since** | |
|---|---|---|
| 8 o'clock | April | lunchtime |
| Monday | 2001 | we arrived |
| 12 May | Christmas | I got up |

- Sally has been working here **since April.** (= from April until now)
- I haven't seen Tom **since Monday**.

**B** We often leave out **for** (but not usually in negative sentences):

- They've been married **for ten years**. or They've been married **ten years**.
- They **haven't had** a holiday **for** ten years. (you need **for**)

You can use **in** instead of **for** in negative sentences (**I haven't** … etc.):

- They **haven't had** a holiday **in ten years**. (= **for** ten years)

We do not use **for** + **all** … (**all day** / **all my life** etc.):

- I've lived here **all my life**. (not for all my life)

**Raymond Murphy**

## တနင်္ဂနွေအထူးဆောင်းပါး




# ပွတ်တိုက်မှုများကြားက တင်းမာမှုတွေမြင့်တက်လာဦးမယ့် အင်ဒိုနီးရှားနိုင်ငံရေး

ထက်မြတ်

ဒီရက်ပိုင်းအတွင်း အာရှဒေသမှာ နိုင်ငံရေးအရပွတ်တိုက်မှုတွေ၊ ဆန္ဒပြမှုတွေ ခပ်စိပ်စိပ်ဖြစ်လာသည်ကို မြင်တွေ့လာရသည်။ ဘင်္ဂလားဒေ့ရှ်မှာဆိုရင် ဝန်ကြီးချုပ်က ရာထူးမှရုတ်တရက်နုတ်ထွက်ပြီး ပြည်ပနိုင်ငံကို တိမ်းရှောင်သွားရသည်အထိဖြစ်သည်။

ယခုအင်ဒိုနီးရှားနိုင်ငံမှာလည်း နိုင်ငံရေးအရပွတ်တိုက်မှုတွေဖြစ်လာသည်ကို တွေ့လာရပြန်သည်။ ဆန္ဒပြသူထောင်ပေါင်းများစွာ အထူးသဖြင့်လူငယ်များက အင်ဒိုနီးရှားနိုင်ငံ၏မြို့တော် ဂျကာတာအပါအဝင် တခြားမြို့ကြီးများစွာ၌ ဆန္ဒပြမှုများကို လုပ်ဆောင်လာကြခြင်းဖြစ်သည်။

ဆန္ဒပြသူများထဲတွင် ကျောင်းသားများ၊ ပညာရှင်များ၊ အလုပ်သမားများ၊ ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများအပြင် အနုပညာရှင်များလည်းပါဝင်သည်။ ရဲတပ်ဖွဲ့ဝင်များကလည်း ဆန္ဒပြသူများကို မျက်ရည်ယိုဗုံးများဖြင့်ပစ်ခတ်ခြင်း၊ ရေပိုက်ကြီးများဖြင့်ထိုးခြင်းတို့ကို လုပ်ဆောင်ပြီး ဆန္ဒပြမှုများကို ဖြိုခွဲကြရသည်။

ဒီနေရာမှာ အဓိကဖော်ပြပေးချင်သည့်အကြောင်းအရာက ဆန္ဒပြမှုလုပ်ဆောင်သည့်အခြေအနေကိုမဟုတ်။ ဆန္ဒပြမှုဖြစ်ပွားရလောက်အောင်ကြီးမားလာသည့် နိုင်ငံရေးအရ ပွတ်တိုက်မှုအကြောင်းပင်ဖြစ်သည်။

နိုင်ငံရေးအရ ပွတ်တိုက်မှုဆိုသည်မှာ ဦးဆောင်အဖွဲ့အစည်းများကြား တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထား၊ ခံယူချက်များ မညီညွတ်ကြခြင်းကြောင့်သာ ဖြစ်ရခြင်းဖြစ်သည်။

ယခုအင်ဒိုနီးရှားနိုင်ငံအရေးမှာဆိုရင်လည်း တစ်ဖက်က ဥပဒေအတိုင်းဆောင်ရွက်သည့်အဖွဲ့ဖြစ်ပြီး တခြားတစ်ဖက်က ဥပဒေကိုလိုသလိုပြင်ဆင်နိုင်သည့် အဖွဲ့ဖြစ်နေသည်။

ဥပဒေအတိုင်းဆောင်ရွက်သည့်အဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဖြစ်ပြီး ဥပဒေကိုလိုသလိုပြင်ဆင်နိုင်သည့်အဖွဲ့ကတော့ လွှတ်တော်အမတ်များစွာပါဝင်ရာ လွှတ်တော်ကြီးပင်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း ဆန္ဒပြမှုများဖြစ်ပွားရသည့်အကြောင်းရင်းကို အစကနေပြောရမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စရမည်ဖြစ်သည်။ သူက ဩဂုတ်လ ၂၀ ရက်တွင် အမိန့်တစ်ခုချမှတ်လိုက်သည်။

ထိုအမိန့်မှာ ပြည်ထောင်စုလွှတ်တော်များဆီသို့ အမတ်တစ်ဦးစီအဆိုပြုနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်များ၌ပါတီများအနေဖြင့် အနည်းဆုံးကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းပါရှိရမည်ဟူသော ပြဋ္ဌာန်းချက်ကိုပယ်ဖျက်ကာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာစေရေးအတွက် လိုအပ်သည့်အနည်းဆုံးအသက်ကန့်သတ်ချက်ကိုမူ ယခင်အတိုင်းထားရှိကြောင်း ထုတ်ပြန်လိုက်ခြင်းပင်ဖြစ်သည်။

သို့သော် ဩဂုတ်လ ၂၂ ရက်တွင် အင်ဒိုနီးရှားလွှတ်တော်က အရေးပေါ်အစည်းအဝေးတစ်ရပ်ခေါ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ဆုံးဖြတ်ချက်များကို ပြောင်းပြန်လှန်ရေးအတွက် ဆွေးနွေးကြပြီး မဲခွဲဆုံးဖြတ်ရန်ပြင်ဆင်ကြသည်။ သို့ရာတွင် လွှတ်တော်တက်သည့်အမတ်အရေအတွက်မဲခွဲဆုံးဖြတ်ရန် လုံလောက်ခြင်းမရှိသည့်အတွက် ထိုအစီအစဉ်ကို ရွှေ့ဆိုင်းလိုက်သည်။

ဒီနေရာမှာ အဓိကကျသည့်အကြောင်းအရာပေါ်ပေါက်လာသည်။ ဒါ့အပြင် နိုင်ငံရေးကို စိုးမိုးခြယ်လှယ်လိုသည့်ပုံစံများကိုလည်းမြင်တွေ့လာရသည်။

အင်ဒိုနီးရှားရွေးကောက်ပွဲဥပဒေတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်သည့်အသက်အပိုင်းအခြားကို အသက် ၃၀ နှစ်နှင့်အထက်သာ သတ်မှတ်ထားသည်။ အသက် ၃၀ အောက်ဆိုလျှင် ရွေးကောက်ပွဲဝင်ပြိုင်ခွင့်မရှိ။

အင်ဒိုနီးရှားနိုင်ငံကို နှစ်ပေါင်းများစွာကြာအုပ်ချုပ်လာခဲ့သည့် သမ္မတဂျိုကိုဝီဒိုဒို၌ သားအငယ်ဆုံးတစ်ယောက်ရှိသည်။ သူ၏အသက်က အခုမှ ၂၉ နှစ်သာရှိသေးသည်။ ဒီအရွယ်နဲ့ဆိုလျှင် နိုဝင်ဘာလတွင်ကျင်းပမည့် ပြည်နယ်ရွေးကောက်ပွဲများ၌ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပေ။

ယခု ရွေးကောက်ပွဲကျင်းပဖို့အချိန်နီးလာချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကထုတ်ပြန်လိုက်သည့် ဥပဒေ၌ အသက် ၃၀ အောက်ရှိသူများ ရွေးကောက်ပွဲဝင်မပြိုင်ရဟုပါရှိလာသည်။

ဒီကန့်သတ်ချက်ကို လွှတ်တော်အမတ်များက သဘောမကျကြပေ။ ဘာကြောင့်လဲဆိုရင် လွှတ်တော်အမတ်အများစုသည် သမ္မတဂျိုကိုဝီဒိုဒို၏လူများဖြစ်နေခြင်းကြောင့်ဖြစ်သည်။ ဝီဒိုဒိုက သူ့သားကိုရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်စေလိုသည်။ ဒီအတွက် လွှတ်တော်ကိုအားကိုးပြီး ခုံရုံး၏အမိန့်ကို လူအင်အားဖြင့် ပယ်ဖျက်ရန်ကြိုးပမ်းလာခြင်းဖြစ်သည်။

နောက်တစ်ချက်က ခုံရုံး၏ဆုံးဖြတ်ချက်ကြောင့် ဂျကာတာအုပ်ချုပ်ရေးမှူးဟောင်း အန်နီးဘာဆွယ်ဒန်အနေဖြင့် ရွေးကောက်ပွဲဝင်ပြိုင်ခွင့်ရလာခြင်းဖြစ်သည်။ အန်နီးဘာဆွယ်ဒန်ဆိုသူမှာ လူကြိုက်များသူဖြစ်ပြီး နောက်တက်မည့်သမ္မတ ပရာဘိုဝိုဆူဘီယန်တို၏လူနှင့် ထိပ်တိုက်ရင်ဆိုင်ရဖွယ်ရှိသည်။ တစ်နည်းပြောရရင် ပရာဘိုဝိုဆူဘီယန်တို ဆိုသည်မှာလည်း ဂျိုကိုဝီဒိုဒို၏လူပင်ဖြစ်သည်။

ဂျိုကိုဝီဒိုဒိုတွင် သားအကြီးတစ်ဦးရှိသေးသည်။ နာမည်က ဂီဘရန်ရာကာဖြစ်သည်။ လာမည့်အောက်တိုဘာလတွင် ဒုတိယသမ္မတအဖြစ် တာဝန်ယူသွားမည့်သူဖြစ်သည်။

ဂီဘရန်ရာကာအနေဖြင့် ရွေးကောက်ပွဲတွင် ဒုတိယသမ္မတအဖြစ်ပါဝင်ယှဉ်ပြိုင်နိုင်သည့် တစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်သည်။ ထိုသို့ဖြစ်လာအောင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လုပ်ပေးလိုက်ခြင်းဖြစ်သည်။ အဲဒီအချိန်တုန်းက ခုံရုံးဥက္ကဋ္ဌက ဂျိုကိုဝီဒိုဒို၏ယောက်ဖဖြစ်သည်။ သူက ပြည်နယ်ရွေးကောက်ပွဲများတွင် ရွေးကောက်ခံဖူးသူများအနေဖြင့် ဒုတိယသမ္မတရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်ဟု အမိန့်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

အခုတစ်ခေါက်မှာတော့ ဂျိုကိုဝီဒိုဒို၏ယောက်ဖမဟုတ်သောတခြားသူက ခုံရုံးဥက္ကဋ္ဌအဖြစ်တာဝန်ယူစဉ် အသက် ၃၀ နှစ်နှင့်အထက်များကိုသာ ရွေးကောက်ပွဲဝင်ပြိုင်ခွင့်ရှိသည်ဟု ထုတ်ပြန်လိုက်ခြင်းက ဂျိုကိုဝီဒိုဒို၏သားအငယ်ဆုံးကို နိုင်ငံရေးလောကထဲသို့ဆွဲသွင်းမည့် အစီအစဉ်ကို ပျက်သွားစေခြင်းဖြစ်သည်။

ဂျိုကိုဝီဒိုဒိုအနေဖြင့် အောက်တိုဘာလတွင် ၁၀ နှစ်ကြာရယူခဲ့သောရာထူးကို စွန့်လွှတ်ပေးရတော့မည်ဖြစ်သည်။ သို့ပေသော်လည်း သူ့ရဲ့စိတ်အစဉ်မှာတော့ ဒီလိုရာထူးမရှိပေမယ့် ဒီလိုရာထူးရှိသူတွေရဲ့နောက်ကွယ်ကနေ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေးကို ထိန်းကျောင်းလိုသည့်ဆန္ဒရှိနေသည်ကို အင်ဒိုနီးရှားပြည်သူများက အတိုင်းသားမြင်ခွင့်ရလိုက်ခြင်းကြောင့် ယခုလို ဆန္ဒပြမှုများလုပ်ဆောင်လာရခြင်းဖြစ်သည်။

ဒီတစ်ကြိမ်မှာတော့ ဂျိုကိုဝီဒိုဒို၏သားငယ်အတွက် နိုင်ငံရေးတွင်နေရာမရှိတော့အောင်ဖြစ်လာပြီကိုတွေ့ရသည်။ အခုလိုဆန္ဒပြမှုများကြောင့် လွှတ်တော်ကလည်း ခုံရုံး၏အမိန့်ကိုမပြင်တော့ဟုဆိုသည်။ အကယ်၍ ပြင်ဆင်ဖို့ကြိုးစားလျှင်လည်း အချိန်မရှိတော့ပေ။ ဩဂုတ်လ ၂၇ ရက်တွင် ပြည်နယ်ရွေးကောက်ပွဲများအတွက် ပါဝင်ယှဉ်ပြိုင်မည့်သူများ မှတ်ပုံတင်ရတော့မည်ဖြစ်သည်။ ဒီကြားထဲမှာတော့ လွှတ်တော်က ဘာလိုမှလုပ်နိုင်စွမ်းမရှိတော့ပေ။

သို့သော် နိုင်ငံရေးကိုနောက်ကွယ်ကနေထိန်းကျောင်းလိုသူဆိုတာ သူတို့ရဲ့ဆန္ဒကိုတော်ရုံနှင့်မလျှော့တတ်သောသဘောရှိသောကြောင့် အင်ဒိုနီးရှားနိုင်ငံရေးဟာ တင်းမာမှုတွေမြင့်တက်လာဦးမယ့် အရိပ်အယောင်ရှိနေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ Ref: Agencies

# အာရှ-ပစိဖိတ်ဒေသ၌ ၂၀၃၀ ပြည့်နှစ်တွင် သဘာဝဘေးဖြစ်ပွားမှု ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်




မနီလာ၊ သဘာဝဘေး

အာရှ-ပစိဖိတ်ဒေသအနေဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု လျှော့ကျလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော်လည်း ၂၀၃၀ ပြည့်နှစ်အရောက်တွင် သဘာဝဘေးဖြစ်ပွားမှုက ၄၀ ရာခိုင်နှုန်းအထိမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂ၏သဘာဝဘေးလျှော့ပါးရေးရုံးက သတိပေးထားသည်။

ယခုကြိုးပမ်းမှုများက ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုလျှော့ပါးစေရေး ရည်မှန်းချက်လမ်းကြောင်းနှင့် သွေဖည်နေပြီး သဘာဝဘေးလျှော့ပါးစေရေးအစား ဘေးအန္တရာယ်ပိုကြီးအောင်လုပ်မိနေသည်ဟု အဆိုပါရုံးမှ ဌာနေကိုယ်စားလှယ် မာကိုတော့စကာနီရီဗယ်တာကပြောသည်။

ထို့ပြင် ဒေသတွင်းနိုင်ငံများအနေဖြင့် သဘာဝဘေးအတွက် အသင့်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများကို ယခုထက်ပို၍ကောင်းမွန်အောင်ဖန်တီးကြရန် ရီဗယ်တာကအလေးပေးပြောသည်။

အောက်တိုဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ သဘာဝဘေးလျှော့ပါးရေးဆိုင်ရာအစည်းအဝေးတစ်ခုကိုကျင်းပသွားမည်ဖြစ်ပြီး ထိုအစည်းအဝေးတွင် သဘာဝဘေးလျှော့ပါးစေရေးနှင့် ကြိုတင်ပြင်ဆင်ရေးအတွက် သေချာစေမည့်နည်းလမ်းများကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ Ref: Xinhua

# ဘင်္ဂလားဒေ့ရှ်၌ရေကြီးမှုများကြောင့် အရေးပေါ်ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရသူ သုံးသိန်းနီးပါးရှိ

**ဖီနင်၊ သဘာဝဘေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြေနိမ့်ပိုင်းဒေသများ၌ ရေလွှမ်းမိုးမှုများဖြစ်ပွားခြင်းကြောင့် အရေးပေါ်ကယ်ဆယ်ရေးစခန်းများတွင် ရွှေ့ပြောင်းနေထိုင်ရသူအရေအတွက်မှာ ဩဂုတ်လ ၂၄ ရက်အထိ သုံးသိန်းနီးပါးရှိလာပြီဖြစ်ကြောင်းသိရသည်။

မုတ်သုံမိုးများသည်ထန်စွာရွာသွန်းခြင်းကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်းရေကြီးမှုများဖြစ်ပေါ်ရခြင်းဖြစ်ပြီး ယခုသီတင်းပတ်အတွင်းမှာပင် သေဆုံးသူ ၄၂ ဦးအထိရှိသည်။

သဘာဝဘေးဒဏ်ကို အဆိုးဆုံးခံစားနေရသည့်ဒေသမှာ အိန္ဒိယနိုင်ငံ၏ တြိပူရပြည်နယ်အနီးရှိ ဖီနင်မြို့ဖြစ်သည်။ တြိပူရပြည်နယ်တွင်လည်း မြေပြိုမှုများကြောင့် လူထောင်ပေါင်းများစွာ နေရာရွှေ့ပြောင်းရသည့်အပြင် လူ ၂၄ ဦးသေဆုံးထားသည်။

ရေကြီးမှုများကြောင့် မြို့တော်ဖြစ်သည့် ဒါကာမြို့နှင့် စစ်တကောင်းမြို့တို့အကြားကားလမ်းများနှင့် မီးရထားလမ်းများ ပျက်စီးမှုဖြစ်ပွားသည့်အတွက် သွားရေးလာရေးခက်ခဲသည့်အပြင် ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အဟန့်အတားဖြစ်စေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေသန်း ၁၇၀ ကျော်ရှိပြီး ရာပေါင်းများစွာသော မြစ်များ၊ ချောင်းများတည်ရှိရာဒေသတစ်ခုဖြစ်ကာ ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း ရေကြီးမှုများနှင့် မကြာခဏရင်ဆိုင်လာရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မုတ်သုံရာသီရောက်တိုင်း ယခုကဲ့သို့အဖြစ်ဆိုးမျိုးကိုရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော်လည်း ရာသီဥတုပြောင်းလဲမှုက မိုးလေဝသအခြေအနေပြောင်းလဲမှုများကိုဖြစ်ပေါ်စေကာ ပြင်းထန်သောရာသီဥတုဖြစ်စဉ်များ ပိုမိုဖြစ်ပွားလာရခြင်းဖြစ်ကြောင်းသိရသည်။

**Ref: AFP**



# ရုရှားနှင့်ယူကရိန်းတို့က စစ်သုံ့ပန်း ၁၁၅ ဦးစီကိုလဲလှယ်

**မော်စကို၊ နိုင်ငံရေး**

ခု(စ်)ဒေသစစ်ဆင်ရေးတွင်အဖမ်းခံရသော ရုရှားနှင့်ယူကရိန်းတို့မှ စစ်သုံ့ပန်း ၁၁၅ ဦးစီကို လဲလှယ်လိုက်ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ထိုစစ်ဆင်ရေးတွင် ယူကရိန်းတို့၏ ဖမ်းဆီးခြင်းခံရသော ရုရှားစစ်သည်များ ပြန်လွတ်လာပြီဖြစ်ကြောင်းနှင့် အပြန်အလှန်အားဖြင့် ရုရှားကဖမ်းထားသော ယူကရိန်းစစ်သည် ၁၁၅ ဦးကိုလည်း ပြန်လည်လွှဲပြောင်းပေးလိုက်ကြောင်း ဝန်ကြီးဌာန၏ ဩဂုတ်လ ၂၄ ရက် ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ပြန်လွတ်လာသော ရုရှားစစ်သည်များအနေဖြင့် လက်ရှိတွင် ဘယ်လာရုစ်နိုင်ငံတွင်သာရှိနေကြောင်းနှင့် စိတ်ပိုင်းဆိုင်ရာနှင့် ဆေးကုသမှုဆိုင်ရာအကူအညီများပေးထားကြောင်း ထုတ်ပြန်ချက်၌ဆက်လက်ဖော်ပြထားသည်။

ယခုကဲ့သို့ စစ်သုံ့ပန်းများလဲလှယ်ရေးအတွက် ယူအေအီးနိုင်ငံက ကြားဝင်စေ့စပ်ပေးမှုများ လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref: RT**



# အမေရိကန်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ အရှေ့အလယ်ပိုင်းသို့ ရှောင်တခင်သွားရောက်

**အမ္မန်၊ စစ်ရေး**

အမေရိကန်စစ်ဘက်၏ ရာထူးအကြီးဆုံးပုဂ္ဂိုလ်ဖြစ်သော ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစီကျူဘရောင်းက ဩဂုတ်လ ၂၄ ရက်တွင် အရှေ့အလယ်ပိုင်းဒေသသို့ ရှောင်တခင်သွားရောက်ကြောင်း သိရသည်။

၎င်း၏ခရီးစဉ်ကို ဂျော်ဒန်နိုင်ငံနှင့်စတင်ကာ အီဂျစ်နှင့်အစ္စရေးနိုင်ငံတို့သို့လည်း သွားမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများမှ စစ်ဘက်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးစီကျူဘရောင်း၏ခရီးစဉ်သည် ယခုထက်ပို၍ တင်းမာမှုများမြင့်တက်လာစေခြင်းမရှိစေရန် လုပ်ဆောင်နိုင်သည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးသွားရန်ဖြစ်သည်။

အမေရိကန်အနေဖြင့် အစ္စရေး-ဂါဇာ အပစ်အခတ်ရပ်စဲရေးရရှိရန် ကြိုးပမ်းနေစဉ် ယခုခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

**Ref: TST**

## သတင်းတိုကဏ္ဍ

# ဖူးခက်ကျွန်းမြေပြိုမှု သေဆုံးသူ ၁၀ ဦးအထိမြင့်တက်

ထိုင်းနိုင်ငံရှိ နာမည်ကျော်အပန်းဖြေစခန်းတည်ရှိရာ ဖူးခက်ကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုမှုများဖြစ်ပွားရာ ဩဂုတ်လ ၂၄ ရက်အထိ သေဆုံးသူ ၁၀ ဦးရှိလာပြီဖြစ်ကြောင်း ဒေသတွင်းတာဝန်ရှိသူများကပြောသည်။

အဆိုပါမြေပြိုမှုများသည် ဩဂုတ်လ ၂၃ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ သုံးဦးပျောက်ဆုံးနေဆဲဖြစ်ကာ ၁၉ ဦးဒဏ်ရာရရှိထားကြောင်း အစိုးရအဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သေဆုံးသူများတွင် ရုရှားနိုင်ငံသားနှစ်ဦး၊ မြန်မာနိုင်ငံသားတစ်ဦးနှင့် ထိုင်းနိုင်ငံသားများပါဝင်ကာ အခြားသေဆုံးသူများကိုလည်း စိစစ်မှုများလုပ်ဆောင်နေသည်ဟု ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

မြေပြိုမှုများသည် လူနေအိမ်များပေါ်သို့ကျရောက်လာခြင်းကြောင့် ခရိုင်သုံးခုရှိ အိမ်ထောင်စု ၂၀၀ မှ လူ ၄၀၀ ကျော်မှာ သဘာဝဘေးကိုခံစားနေရကြောင်း အစိုးရ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

**Ref: TST**

# ရုရှားဘဏ်များကိုလက်ခံသည့်နိုင်ငံများ အရေးယူပိတ်ဆို့မှုခံရမည်ဟု အမေရိကန်ခြိမ်းခြောက်

ရုရှားဘဏ်များကို နိုင်ငံအတွင်းဘဏ်ခွဲများဖွင့်ခွင့်ပေးသည့် နိုင်ငံများအနေဖြင့် အရေးယူပိတ်ဆို့မှုခံရမည်ဟု အမေရိကန်အစိုးရက ခြိမ်းခြောက်လိုက်ကြောင်းသိရသည်။

ရုရှားအစိုးရအဖွဲ့အနေဖြင့် တတိယနိုင်ငံများမှတင်သွင်းသော နည်းလမ်းနှစ်မျိုးဖြင့်အသုံးပြုနိုင်သည့် ကုန်ပစ္စည်းများအတွက် ငွေပေးချေရန် ထိုဘဏ်များကို အသုံးချနေသည်ဟု အမေရိကန်နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြည်ပပိုင်ဆိုင်မှုများထိန်းချုပ်ရေးရုံးက ဩဂုတ်လ ၂၃ ရက်တွင်ထုတ်ပြန်ထားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ရုရှား-ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ ရုရှားနိုင်ငံအပေါ် ပြင်းထန်လှသည့်ပိတ်ဆို့မှုများကို အကြိမ်ကြိမ်ချမှတ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ရုရှားနိုင်ငံကိုသာမက ထိုနိုင်ငံနှင့်ဆက်ဆံနေသည့်နိုင်ငံများကိုလည်း သွယ်ဝိုက်သောနည်းဖြင့် ပိတ်ဆို့မှုများချမှတ်နေသည့်နိုင်ငံဖြစ်သည်။

သို့သော် ထိုသို့သောပိတ်ဆို့မှုများကို ချမှတ်နေခြင်းသည် အမေရိကန်ပြည်တွင်းကိုသာမက ပြည်ပရှိ အမေရိကန်၏မိတ်ဖက်များကိုသာ အထိနာစေမည်ဖြစ်သည်ဟု ရုရှားကပြောထားသည်။

**Ref: RT**

# အိန္ဒိယနိုင်ငံ၏ ပြည်ပအရန်ငွေကြေးပမာဏ ဒေါ်လာ ၆၇၄ ဘီလီယံကျော်အထိမြင့်တက်

အိန္ဒိယနိုင်ငံကပိုင်ဆိုင်သော ပြည်ပအရန်ငွေကြေးပမာဏသည် အမေရိကန်ဒေါ်လာ ၆၇၄ ဒသမ ၆၆၄ ဘီလီယံအထိ မြင့်တက်လာကြောင်း အိန္ဒိယဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

အဓိကအားဖြင့် ပြည်ပငွေကြေးပိုင်ဆိုင်မှုပမာဏမှာ ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ တိုးပွားကာ စုစုပေါင်းပမာဏ ၅၉၁ ဒသမ ၅ ဘီလီယံအထိ မြင့်တက်လာခြင်းဖြစ်သည်။

အလားတူ အရန်ရွှေပိုင်ဆိုင်မှုပမာဏမှာ ဒေါ်လာ ၈၆၅ သန်းဖိုးတိုးလာသည့်အတွက် ဒေါ်လာ ၆၀ ဒသမ ၁ ဘီလီယံဖိုးအထိ တိုးမြင့်ပိုင်ဆိုင်လာသည်။

အဆိုပါပိုင်ဆိုင်မှုပမာဏသည် ပြီးခဲ့သည့်သီတင်းပတ်တစ်ပတ်အတွင်းရရှိခဲ့သောပမာဏဖြစ်ကြောင်း ဗဟိုဘဏ်၏ ဩဂုတ်လ ၂၄ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Ref: Xinhua**

# ဗီဒီယိုနည်းပညာအသစ်ကြောင့် တောင်ကိုရီးယား၌ လိင်ပိုင်းဆိုင်ရာရာဇဝတ်မှု ပိုမိုဖြစ်ပွားလာ

တိုးတက်လာသော ဗီဒီယိုနည်းပညာအသစ်ကြောင့် တောင်ကိုရီးယားနိုင်ငံ၌ လိင်ပိုင်းဆိုင်ရာရာဇဝတ်မှု ပိုမိုဖြစ်ပွားလာကြောင်းသိရသည်။

အထူးသဖြင့် အခြားသူတစ်ဦး၏ရုပ်ပုံကို ထိုသူ၏သဘောတူညီချက်မပါဘဲ လိင်အသားပေးဓာတ်ပုံများနှင့် တွဲဆက်လျက်ဖန်တီးလာခြင်းဖြစ်သည်။

မကြာသေးမီက ထွက်ပေါ်လာသော ထုတ်ပြန်ချက်အရ တောင်ကိုရီးယားနိုင်ငံ၌ ထိုနည်းပညာကိုအသုံးချမှုနှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ်အတွင်း အရေးယူခံရသူ ၁၈၀ ခန့်ရှိကြောင်းတွေ့ရသည်။

၎င်းတို့အနက် ၁၂၀ ခန့်ကို ပြစ်မှုဆိုင်ရာဥပဒေများဖြင့် အရေးယူခဲ့ပြီး ထိုအထဲတွင်ပါဝင်သူ ၉၁ ဦးမှာ ဆယ်ကျော်သက်များဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် လက်ရှိဖြစ်ပွားနေသော ဗီဒီယိုနည်းပညာအသုံးပြု လိင်ပိုင်းဆိုင်ရာရာဇဝတ်မှုကျူးလွန်သူများတွင် ဆယ်ကျော်သက်များက အများဆုံးဖြစ်လာနေသည်ကိုတွေ့ရကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Ref: TST**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး



နေပြည်တော်  ဩဂုတ် ၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ၃၃/ ၁၁ ကေဗွီ စက်မှုဇုန်ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲမှ မီတာများ စမ်းသပ်စစ်ဆေးဆောင်ရွက်ခြင်း လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်ရှိ ၃၃/ ၁၁ ကေဗွီ စက်မှုဇုန် ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဗို့အားပြည့်ဝတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေးအတွက် ဓာတ်အားခွဲရုံတွင် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံ မြေနေရာဌာနပိုင်အမည်ပေါက်ရရှိရေး ဆောင်ရွက်သွားရန်၊ ဓာတ်အားခွဲရုံအတွင်း/ အပြင် သန့်ရှင်းသာယာလှပရေးကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် သတ်မှတ်ထားသည့် တစ်ရက်လျှင် မီတာအလုံးရေ ၄၀၀ နှုန်းဖြင့် တစ်လလျှင် မီတာအလုံးရေ ၁၂၀၀၀၊ တစ်နှစ်လျှင် မီတာအလုံးရေ ၁၅၀၀၀၀ ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ရာတွင်လည်း မီတာများ၏ သတ်မှတ်အရည်အသွေးနှင့် လုံခြုံမှုရှိစေရန် စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စမ်းသပ်စစ်ဆေးရမည့်မီတာများ သတ်မှတ်ချိန်များအတွင်း အချိန်မီရောက်ရှိစေရေးနှင့် စဉ်ဆက်မပြတ်ပို့ဆောင်နိုင်ရေး တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်သွားရန်၊ စမ်းသပ်စစ်ဆေးပြီး မီတာများကိုလည်း မြို့နယ်များသို့ အချိန်မီပို့ဆောင်သွားရန်နှင့် ပြည်သူလူထုအမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေး စီမံချက်ရေးဆွဲ၍ အင်တိုက်အားတိုက် တွန်းအားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်းမှာကြားပြီး မီတာများအား စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်နှင့် ပစ္စည်းသိုလှောင်ရေးစတိုအတွင်း ထိန်းသိမ်းထားရှိသည့် ရုံးလုပ်ငန်းသုံး ပရိဘောဂပစ္စည်းများ၊ ဓာတ်အားလိုင်း/ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ခွဲနေရာချထားမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဟာရကျောင်းကြီးကျောင်းတိုက်၊ မဇ္ဈိမဝိဟာရကျောင်းတိုက်နှင့် မဟာစည်သတိပဋ္ဌာန်ကျောင်းတိုက်တို့သို့ သွားရောက်ပြီး ကျောင်းတိုက်အသီးသီးရှိ ပဓာနနာယက ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။ အဆိုပါကျောင်းတိုက်များ အတွင်း/ အပြင် သန့်ရှင်းရေးကောင်းမွန်စေရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်း၍ လုပ်အားဒါနဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# ဆီထွက်သီးနှံနှင့် အသားကဏ္ဍအပါအဝင် တိုင်းဒေသကြီးအတွင်း စားနပ်ရိက္ခာပိုလျှံရေး တွေ့ဆုံဆွေးနွေး



နေပြည်တော်  ဩဂုတ် ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာ၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းလုပ်ငန်းများ၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကချင်း၏ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပုသိမ်ကြီးမြို့နယ် ကုလားမတောင်ကျေးရွာရှိ ရွှေအိုးနို့စားနွားမွေးမြူရေးခြံတွင် ဖရီရှန်၊ ဂျာစီ၊ ကီဝီနွားကောင်ရေ ၂၀၀ မွေးမြူထားရှိမှုနှင့် နွားနို့၊ နို့သာဂူ၊ ဒိန်ချဉ်၊ နို့ခဲ၊ ထောပတ်၊ နို့ပူတင်း ၊ ချိစ်အမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှုတိုးမြှင့်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ရောက်ရှိပြီး ပုသိမ်ကြီး၊ ရွှေဘို၊ လုံပိကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ၍ အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများပေးအပ်ကာ ဝက်၊ ဆိတ်နှင့် ဥစားကြက်သရုပ်ပြမွေးမြူရေးဆောင်ရွက်ထားရှိမှုများ၊ ကျောင်းသားအိပ်ဆောင်များ၊ ထမင်းစားဆောင်၊ စားဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန သရက်ကုန်းငါးစခန်းနှင့် မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း (မန္တလေး)သို့ ရောက်ရှိရာ သရက်ကုန်းငါးစခန်းတာဝန်ခံက ငါးမျိုးသားဖောက်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဆေးထိုးသားဖောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မွေးမြူရေး သုတေသနစခန်း (မန္တလေး)တာဝန်ခံကမွေးမြူရေးသုတေသနဦးစီးဌာနတွင် ရေနေသတ္တဝါဆိုင်ရာ ရေငန်ငါး /ပုစွန်မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ မျိုးမွေးမြူထိန်းသိမ်းခြင်း၊ မျိုးကောင်းမျိုးသန့်ပွားများထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မွေးမြူရေးရေလုပ်ငန်းသုတေသနဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်နိုင်ရေး၊ မွေးမြူရေးသုတေသနလုပ်ငန်းများကိုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားပြီး သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

● ကျောဖုံးမှအဆက်

၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ)အောက် ၁ ပေခန့် (၃၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အောက် ပေဝက်ခန့် (၁၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ တောင်ငူမြို့နှင့် ဘားအံမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

⏭ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံးဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပထမပိုင်းတွင် သွင်းဂိုးများ မြင်တွေ့ရခြင်းမရှိခဲ့ဘဲ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံးပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုများပြုလုပ်နိုင်ခဲ့ကာ ပွဲအစ နှစ်မိနစ်အကြာ ၄၇ မိနစ်တွင် တည်ငြိမ်မင်းက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးခဲ့ရပြီးနောက် ဒဂုံစတားအသင်းကလည်း ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၅၄ မိနစ်တွင် ဆွမ်လမန်က ဒဂုံစတားအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရတနာပုံအက်ဖ်စီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့် တည်ငြိမ်မင်းက ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) အဖြစ် ဩဂုတ်လ ၂၅ ရက် **(ယနေ့)**ညနေ ၃ နာရီခွဲတွင် YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့်ရှာဝတီယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ISPEအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

**စည်သူအောင်**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## မြန်မာဗျည်းအက္ခရာများ

(၁၉-၈-၂၀၂၄ ရက်နေ့မှအဆက်)

ဈ

**ဈ/ ဇော့မျဉ်းဆွဲ /**

**ဈ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ကိုးလုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ ဈမျဉ်းဆွဲဟုခေါ်သည်။ စ ဆ ဇ ဈ ည ဟူသော စဝဂ်အက္ခရာငါးလုံးတွင် စတုတ္ထဗျည်းအက္ခရာဖြစ်ခြင်းကြောင့် စဝဂ်၏ စတုတ္ထက္ခရာဟုခေါ်သည်။ ပါဠိဘာသာတွင် သံထင်သံတင်းဗျည်းဖြစ်သည်။ ဃောသဓနိတဖြစ်သည်။ မြန်မာဘာသာတွင်မူ သံထင်သံလျော့နှင့် သံထင်သံတင်းကို မခွဲနိုင်ကြပေ။ ဃောသသိထိလနှင့် ဃောသဓနိတကို မခွဲနိုင်ကြပေ။ တစ်နည်းအားဖြင့်ဆိုသော် တတိယက္ခရာနှင့် စတုတ္ထက္ခရာကို အသံမခွဲနိုင်ကြပေ။ မြန်မာဘာသာတွင် တတိယက္ခရာရော စတုတ္ထက္ခရာပါ အနက်မရှိသဖြင့် အသံမခွဲနိုင်သော်လည်း ပြဿနာမရှိပါ။ တတိယက္ခရာနှင့် စတုတ္ထက္ခရာကို အသံမခွဲဘဲ တတိယက္ခရာအသံသာရှိသဖြင့် စတုတ္ထက္ခရာ ဈ ကို တတိယက္ခရာ ဇ သံဖြင့်ပင် ရွတ်ဖတ်ကြသည်။ ပါဠိဘာသာ၊ သက္ကတဘာသာတို့တွင် ဈဟု အသံထွက်သည်။ အာစောက်ဗျည်းဖြစ်သည်။ မြန်မာဘာသာတွင် ဇ ရော ဈ ပါ ဇ ဟု အသံထွက်သဖြင့် သွားရင်း၌ာန်ဖြစ် ဗျည်းဖြစ်သည်။ ဈ ၏ အမည်ကို ယခုအခါ ဈမျဉ်းဆွဲဟု သတ်မှတ်ခေါ်ဝေါ်သည်။ စလုံးအက္ခရာနှင့်တူသော ဗျည်းအက္ခရာ၏ ဘေး၌ကပ်လျက် ယပင့်သဏ္ဍာန်နှင့်တူသော မျဉ်းကိုဆွဲ၍ ရေးထားသောကြောင့် ဈမျဉ်းဆွဲဟု ခေါ်ဆိုကြခြင်းဖြစ်မည်။ ဒုတိယကျော်အောင်စံထားဆရာတော်ကမူ ဈမြင်ဆွဲဟု ခေါ်ဝေါ်ခဲ့သည်။ ဆရာတော်၏ အာဘော်ကို ထောက်သော် ဈမြင်းဆွဲဟူ၍ခေါ်ရာမှ နှုတ်တက်သလို ဈမြင်ဆွဲဟု ခေါ်ခြင်းဖြစ်သည်ဟု ဆိုလိုဟန်တူသည်။ ဈမြှင့်ဆွဲမှ ဈမြင်ဆွဲဖြစ်လာသည်ဟုလည်း ကြံဆနိုင်သေးသည်။ ဈမျဉ်းဆွဲ(ဈမြင်ဆွဲ)နှင့် ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က အကျယ်တဝင့် ရှင်းပြထားသည်ကို တွေ့ရသည်။ ဆရာတော်၏အာဘော်ကို မပျက်စေဘဲ ချုပ်၍ဆိုရသော် "ဤ ဈမြင်ဆွဲအက္ခရာသည်ကား သံယုဂ်ကင်းလျက်ပင်။ အချို့ကားဆလိမ်တွင်မတင်၏သို့ (ဆ္ထ) ရေးကုန်၏။ အချို့ကား စလုံးကို ယပင့်၏သို့ (စျ) ရေးကုန်၏။ အချို့ကား စလုံးရေးပြီးလျှင် နောက်အဖို့၌ ဥ ဦးခေါင်းထုတ်သကဲ့သို့ (စၪ) သအက္ခရာ၌ နောက်ထက်ဝက်အဖို့ကဲ့သို့ ရေးကုန်၏။ ထိုသို့ရေးရာ၌ ဆလိမ်ကို မ အက္ခရာတင်၏သို့ ရေးခြင်းသည် အက္ခရာနှစ်လုံးကဲ့သို့၊ ဇကွဲဆင့်ပြန်လျှင် သုံးလုံးကဲ့သို့ ထင်မှားဖွယ်ရှိသောကြောင့်လည်းကောင်း၊ ရှေးရှေးနှောင်းနှောင်း၊ အသုံးအစွဲ နည်းရာသောကြောင့်လည်းကောင်း၊ ဈမြင်ဆွဲဟူသော ဝေါဟာရနှင့် လျော်အံ့သို့မရှိသောကြောင့်လည်းကောင်း သင့်နိုးအံ့မထင်။ စလုံးကို ယပင့်ရေးသည်မှာလည်း ယပင့်ကြိမ်လတ်သော် နှစ်ထပ်ပင့်သကဲ့သို့ ရှိခဲ့သောကြောင့်လည်းကောင်း၊ ရစ်ရသောအရာ၌ပင့်လည်းပင့်၊ ရစ်လည်းရစ်မရှိရာသောအရာကို ရေးဘိသကဲ့သို့လည်းကောင်း ထင်မှားဖွယ်ရှိသောကြောင့် မသင့်နိုး။ စလုံးရေးပြီးလျှင် ဥ ဦးခေါင်းထုတ်သကဲ့သို့ သ ၏နောက်ထက်ဝက်ကဲ့သို့ရေးသည်ကား ဈမြင်ဆွဲဟူသော ဝေါဟာရ၌ စလုံး၏အသွင် ရှေ့ထက်ဝက်အဝန်းသည်ကား မြင်းဆက် (ဇက်) သံကွင်းသဖွယ်၊ ဥ ဦးခေါင်းတပ်၏သို့၊ နောက်ထက်ဝက်အဖို့သည်ကား မြင်းဆက် (ဇက်) သံကွင်းဝယ် အစွဲပြု၍ချည်သော ဆက်(ဇက်) ကြိုးကဲ့သို့ လျော့လျော့ကျကျ အတင့်အတယ် အဖြည်းအညင်း ဆွဲကိုင်သော အခါကဲ့သို့ အသွင်တူအံ့သည်ကို ထောက်သဖြင့် ဈမြင်ဆွဲဟူသော ဝေါဟာရနှင့် လျော်အံ့သို့ရှိ၏" ဟု ရှင်းပြထားပါသည်။

ဤတွင် ထပ်ဆင့်၍ ရှင်းလင်းရန် ရှိပါသေးသည်။ ဈမျဉ်းဆွဲသည် စလုံးယပင့်လည်းမဟုတ်ပါ။ ဇကွဲတွင် ဟဆွဲထားသည်လည်း မဟုတ်ပါ။ ဇကွဲသည် အက္ခရာတစ်လုံး၊ ဈမျဉ်းဆွဲသည် သီးခြားအက္ခရာတစ်လုံးဖြစ်ပါသည်။ မြန်မာအက္ခရာများအခြေခံရာ ဗြာဟ္မီအက္ခရာတွင် ဈမျဉ်းဆွဲသည် ဤသို့ (*Y*) သဏ္ဍာန်ရှိသောကြောင့် မူလဈမျဉ်းဆွဲ၏ပုံသဏ္ဍာန်သည် အလွန်စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ယခင်က မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဈမျဉ်းဆွဲဗျည်းအက္ခရာကို စလုံးယပင့်လျက် ရေးဆွဲခဲ့သဖြင့် စလုံးယပင့်နှင့် ဈမျဉ်းဆွဲ မခွဲခြားနိုင်ပါ။ ယခုအခါ ယူနီကုဒ်စနစ် မြန်မာစာတွင် ဈမျဉ်းဆွဲကို စလုံးယပင့်နှင့်ကွဲအောင် ပုံရိပ်ဖော်ထားပါသည်။

အထူးမှတ်ရန်မှာ ယခင်ကဈမျဉ်းဆွဲကို စုတ်ချက်သုံးချက်ဆွဲ၍ ရေးရသော်လည်း ယခုအခါ **ဈမျဉ်းဆွဲ**သည် စုတ်ချက်နှစ်ချက်ဆွဲအက္ခရာ ဖြစ်ပါသည်။

ည

**ည/ညာ့/**

**ည** သည်မြန်မာဗျည်းအက္ခရာသုံးဆယ့်သုံးလုံးတွင် ဆယ်လုံးမြောက် ဗျည်းအက္ခရာဖြစ်သည်။ သီးခြားနာမည်မရှိ။ ည ဟုပင်ခေါ်သည်။ စဝဂ်ဗျည်းငါးလုံးတွင် ပဉ္စမဗျည်းအက္ခရာ ဖြစ်ခြင်းကြောင့် စဝဂ်၏ ပဉ္စမက္ခရာဟုခေါ်သည်။ စဝဂ်တွင် နောက်ဆုံးဗျည်းအက္ခရာဖြစ်ခြင်းကြောင့် ဝဂ္ဂန္တဗျည်းဟုလည်းခေါ်သည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ အာစောက်၌ဖြစ်သော အက္ခရာဖြစ်သည်။ သို့ရာတွင် နှာခေါင်းမှလည်း လေထွက်မှုထင်ရှားသောကြောင့် နိဂ္ဂဟိတ်ဗျည်းဟုလည်းခေါ်သည်။ အာစောက်နှင့် နှာခေါင်းနှစ်ဌာန် တစ်ပြိုင်တည်းဖြစ်ခြင်းကြောင့် ဒွိဇဗျည်းဟုလည်းခေါ်သည်။ အထူးမှတ်သားရသည်မှာ ညကြီးနှင့် ဉ ကလေးဟူ၍ နှစ်မျိုးရှိသည်။ ပါဠိဘာသာတွင် ဉ ကလေးသာရှိပြီး ညကြီးမရှိပါ။ မြန်မာဘာသာတွင် ညကြီးသာရှိပြီး ဉ ကလေးမရှိပါ။ ပါဠိဘာသာတွင် အညမည၊ ပညာ၊ ဝိညာဏ၊ ပုညစသည်တို့မှ ညကြီးဆိုသည်မှာ ဉ ကလေးနှစ်လုံး ဆင့်ထားခြင်းဖြစ်သည်။ မြန်မာဘာသာတွင် ဉ ကလေးဖြင့် အနက်ထင်သော ဝေါဟာရမရှိပါ။ မြန်မာဘာသာတွင် ညကြီးသတ်နှစ်မျိုးရှိသည်။ ဖွင့်ရွတ်ညကြီးသတ်နှင့် ပိတ်ရွတ်ညကြီးသတ်ဖြစ်သည်။ အသတ်ကွဲပြားစေရန် ဖွင့်ရွတ်ကို ညကြီးသတ်သုံးပြီး ပိတ်ရွတ်ညကြီးသတ်ကို ဉ ကလေးသတ်နှင့် ဖလှယ်ထားခြင်းဖြစ်ပါသည်။ မြန်မာမင်းများလက်ထက်က ဉ ကလေးသတ်သည် ဦးခေါင်းမဲ့ ဉ ဖြစ်သဖြင့် မင်္ဂလာမရှိဟုယူဆပြီး ညကြီးသတ်ကိုသာ သုံးသည်ဟုဆိုသည်။ ညနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် ပါဠိဘာသာ ဉ ကလေးကို ပဓာနထားပြီး "ဉ အက္ခရာ၌ သင်္ကေတကား ဦးခေါင်းမဲ့ ဦးခေါင်းရှိသာထူး၏။ ထိုတွင် ပါဠိပါကန်တို့၌ကား ဦးခေါင်းထုတ်သည့် သံယုဂ်ပင်ဖြစ်သောကြောင့် သံယုဂ်မလိုရာ၌မသင့်။ ဉ ဦးခေါင်းထွက် သံယုဂ်ရှိရာသည်ကား ကညာ၊ ပညာ၊ သညာ စသည်တို့ကဲ့သို့ ရှေ့၌ တစ်လုံးသောအက္ခရာရှိ၏" ဟု အစချီကာ အကျယ်တဝင့် ရှင်းပြထားလေသည်။

**ညကြီး**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာ၊ **ဉ ကလေး**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

ဋ

**ဋ / တာ့တလင်းချိတ် /**

**ဋ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်တစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဋသန်လျင်းချိတ်ဟုခေါ်သည်။ သန်လျင်းဆိုသည်မှာထမ်းပိုးတွင်ချိတ်ဆွဲ၍ရှေ့နောက်ထမ်းရသော ထိုင်စရာထမ်းစင်ဖြစ်သည်။ သန်လျင်းချိတ်ဆိုသည်မှာ ထမ်းပိုးနှင့် သန်လျင်းကို ချိတ်ဆွဲထားသော သံချိတ်ဖြစ်သည်။ ဋ ဌ ဍ ဎ ဏ ဟူသော ဋဝဂ်ဗျည်းငါးလုံးတွင် ပထမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ဋဝဂ်၏ ပထမက္ခရာဟုခေါ်သည်။ သံနုံ့သံလျော့ဗျည်းဖြစ်သည်။ သံညင်းသံလျော့ဟုလည်းဆိုကြသေးသည်။ ပါဠိဘာသာဖြင့် အဃောသသိထိလဖြစ်သည်။ စင်စစ်အားဖြင့် ဋဝဂ်ဗျည်းငါးလုံးစလုံး မြန်မာမှု၌ အနက်မရှိပေ။ ဋဝဂ်တစ်ခုလုံး လျှာထိပ်အရပ်တွင်ဖြစ်သဖြင့် ဋ ကို လျှာထိပ်အက္ခရာဟုဆိုရသည်။ ပါဠိဘာသာအားဖြင့် မုဒ္ဓဇအက္ခရာဟုခေါ်သည်။ ပါဠိသဒ္ဒါအရလည်း မုဒ္ဓဇအက္ခရာဟုပင်သတ်မှတ်သည်။ မုဒ္ဓါသဒ္ဒါသည် ဦးခေါင်း၊ ထိပ်၊ ဦးထိပ်ဟောဖြစ်သည်။ မုဒ္ဓဌာန်သည် လျှာထိပ်အရပ်၊ အာခေါင်အရပ် မုဒ္ဓဌာန်ကို ဟောရာမုဒ္ဓဇအက္ခရာကိုလျှာထိပ်အက္ခရာဟုဆိုရသည်။ လျှာ၏ထိပ် လျှာ၏အထက်ဖြစ် အက္ခရာဟူသောအနက်ဖြင့် မုဒ္ဓဇအက္ခရာ လျှာထိပ်အက္ခရာဟု ခေါ်ခြင်းဖြစ်သည်။ (ယခုအခါ အာထိပ်အက္ခရာဟု တွင်နေသည်။) ဋသန်လျင်းချိတ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် "ဋသန်လျင်းချိတ်အက္ခရာ၏ သင်္ကေတကား ဋခြေစင်းဟူ၍ အချို့သော သူဟောင်းတို့ခေါ်ဝေါ်သည်ကို လိုက်၍လည်းကောင်း၊ သန်လျင်းချိတ်ဟူသည်ကို လိုက်၍လည်းကောင်း သန်လျင်းချိတ်သဖွယ် အကွေ့အညောင်းရေးပြီးလျှင် ခြေစင်းဟူသည်နှင့်အညီ အမြီးအခြေကို ရှေ့သို့လည်းကောင်း၊ နောက်သို့လည်းကောင်း စင်းစင်းရေးရ အံ့သို့ရှိ၏။ ခြေစင်းဟူသည်တွင် စင်း၏ဟူသည်ကား အစောက် မတ်လတ်ထောင်လျက်ရှိသည်ကို ဆိုလိုသောအရာသည် နည်းအံ့သည်။ ပြန့်ပြန့်လျားလျားစင်း၏သို့လဲလျက်တည်သောအရာကိုသာ စင်းလျင်းဟူ၍ ဆိုသောအရာများ၏။ ထိုကိုထောက်၍ ရှေ့နောက် အမှတ်မဲ့ စင်းစင်းပြန့်ပြန့်လျားလျား ရေးရအံ့သို့ရှိသည်။ ထိုတွင် ရှေ့နောက်အားဖြင့် စင်းလျင်းရေးချေသော် ရှေ့နောက်အက္ခရာတို့နှင့် ထွေးယှက်ဖွယ်ရှိ၏။ ခြေဆင်းဟူ၍ ဆလိမ်အက္ခရာဖြင့် ခေါ်ဝေါ်မူကား . . . ခြေဆင်းဟူသည်တွင် သစ်မြစ်ဆင်းသည် ဟူသကဲ့သို့ နိမ့်ရာ အောက်အဖို့သို့ လျှောသည်၊ ကျသည်ကို ယူသင့်သောကြောင့်တစ်ကြောင်း၊ သာရုပ္ပရှိပါသည် တစ်ကြောင်းဖြစ်၍ အောက်သို့ ယိမ်းလျက် အခြေထားသည်ဟု ယူသင့်၏" ဟု ရှင်းပြထားပါသည်။

ဋကို ဋတလင်းချိတ်၊ ဋသလင်းချိတ်၊ ဋ တနင်းချိတ်၊ ဋ တယင်းချိတ်၊ ဋတညင်းချိတ် စသည်ဖြင့် ဒေသအလိုက် အမျိုးမျိုးခေါ်ဝေါ်ကြသော်လည်း ဋ၏ အမည်မှန်၊ စာလုံးပေါင်းအမှန်မှာ ဋသန်လျင်းချိတ်ဖြစ်သည်။

**ဋသန်လျင်းချိတ်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ဖျာပုံမြို့၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ခရိုင်အဆင့်ပြိုင်ပွဲကျင်းပ

ဖျာပုံ ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်ကျင်းပသော (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ခရိုင်အဆင့်ပြိုင်ပွဲကို ဩဂုတ်လ ၂၄ ရက် နံနက် ၉ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ဖျာပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထားမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးတင်လင်းက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဗဟိုအဆင့်တွင်ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ခရိုင်အဆင့်ပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဖျာပုံခရိုင်အတွင်းရှိ (ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေး) မြို့နယ်တို့မှ မြို့နယ်ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များက ပြိုင်ပွဲဘာသာရပ်များအလိုက် ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲဝင်အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၈၇ ဦး စုစုပေါင်း ၁၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၂၅ ရက် နေ့လယ်ပိုင်းတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

နေကိုထိုက်

# ရုပ်သေးခေါ်တွင်ပုံနှင့်ကမ္ဘာသိမြန်မာ့ရုပ်သေးပညာ

ယနေ့ခေတ်တွင် ရုပ်သေးသဘင်ကို ဝေါဟာရအဖြစ်သာသိကြတော့သည်။ စာရေးသူကိုယ်တိုင်ပင် ရုပ်သေးခေတ်ကို မမီခဲ့ပေ။ ရုပ်မြင်သံကြားမှာ တစ်ခါတစ်ရံကပြသည်ကိုသာတွေ့ဖူးသည်၊ ထိုကဲ့သို့တွေ့မြင်ခဲ့ရာမှ ရုပ်သေးသဘင်ကို နှစ်သက်ခဲ့ခြင်းဖြစ်သည်။ ကြိုးများ ရှုပ်နေသောအရုပ်ကလေးများကို အဆိုအငိုဖြင့်ကပြနေခြင်းသည် စိတ်ဝင်စားစရာကောင်းလှသည်။ ရုပ်သေးပညာသည် ခက်ခဲနက်နဲမည်ဟု ယူဆမိသည်။ အကြောင်းမှာ ကြိုးများစွာဖြင့် အဆို၊ အငို၊ အက၊ အခုန်၊ နောက်ခံတေးသွား၊ အပြောများဖြင့် အံဝင်ခွင်ကျဖြစ်အောင် ကြိုးဆွဲကပြနေရသောကြောင့် ဖြစ်သည်။ အဆိုပါရုပ်သေးအနုပညာသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုလည်းဖြစ်သည်။

**မြန်မာ့ရုပ်သေးပညာပေါ်ပေါက်လာပုံ**

ရှေးကလူတို့သည် လူ့သဘာဝ၊ လူ့စရိုက်များကို လူသားတို့ကိုယ်တိုင်လှုပ်ရှားကပြကြရသည်။ ယင်းကိုပင်ဇာတ်သဘင်ဟုခေါ်ဆိုကြသည်။ ထို့နည်းအတူပင် ရုပ်သေးအနုပညာဟူသည် လူအစားအရုပ်လေးများကိုကြိုးဆွဲ၍ လှုပ်ရှားကပြသရုပ်ဖော်စေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်လည်း မြန်မာ့ရုပ်သေးသည် မြန်မာလူမျိုးတို့၏ လက်မှုပညာတစ်ခုလည်းဖြစ်သည်။ ရုပ်သေးပညာပေါ်ပေါက်လာခြင်းမှာ ရှေးကလူတို့သည်သရုပ်ဆောင်ကပြရာတွင် တချို့သောနေရာများ၌ ဟီရိသြတ္တပ္ပတရားကိုထိခိုက်ဟန်တူပါသည်။

ထို့ကြောင့် ဟီရိသြတ္တပ္ပတရားကြီးမားသော မြန်မာတို့သည် လူအစားအရုပ်များကို သဘာဝကျကျသရုပ်ဆောင်ကပြစေခဲ့ရာမှ ရုပ်သေးအနုပညာပေါ်ပေါက်လာခဲ့သည်ဟုဆိုသည်။

**အမြင့်သဘင်နှင့်ရုပ်သေးရုပ်များ**

ရှေးကရုပ်သေးသဘင်ကိုအမြင့်သဘင်ဟုခေါ်ကြသည်။ အကြောင်းမှာ ရုပ်သေးကိုမြေဝိုင်းသဘင်ကဲ့သို့မြေပေါ်တွင်မကဘဲ မြင့်သောနေရာတွင် ကပြသောကြောင့် အမြင့်သဘင်ဟု ခေါ်ခြင်းဖြစ်သည်။ ရုပ်သေးစင်၏အမြင့်မှာ သုံးတောင်ရှိသည်။ ခန်းဖွင့်မှာငါးတောင်ရှိသည်။ မြန်မာ့ရုပ်သေးရုပ် အရေအတွက်မှာ ရုပ်သေးစင်တစ်စင်နှင့်တစ်စင် မတူတာရှိသကဲ့သို့ တူတာလည်းရှိသည်။ အရုပ်ပေါင်းမှာ ၂၈ ရုပ်ရှိသကဲ့သို့ ၃၆ ရုပ်အထိလည်းရှိကြသည်။

**ရုပ်သေးစင်ပြုလုပ်ရာတွင် သတ်မှတ်ချက်များ**

ရုပ်သေးစင်သည် ရှေ့ဘက်တွင် ခုနစ်ပင်၊ နောက်ဘက်သုံးပင်ဖြစ်သဖြင့် ရှေ့ကားပြီး နောက်ကျဉ်းသည်။ ရုပ်သေးစင်ပြုလုပ်ရာတွင် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကြသောင်းဝါး၊ ကြခတ်ဝါးကိုမသုံးရ။
(၂) သက်ငယ်မဟုတ်လျှင်မမိုးရ။
(၃) ဝါးဆက်ရာတွင် ပိုးဆက်သာဆက်ရမည်၊ တော့ဆက်မဆက်ရ။ ဝါးခေါင်းထဲသို့ အခြားဝါး ထိုးမဆက်ရ။
(၄) လက်တန်းတွင်မင်းပေါက်ထည့်သောအခါ အဆိုပါမင်းပေါက်သည် ပွဲခင်းထဲရှိမင်းလမ်း၊ ဆိုင်းဝိုင်းနှင့် တည့်နေရမည်။
(၅) ရုပ်သေးစင်ကို သက်ငယ်မိုးသောအခါ အစဉ်လိုက်ရှိနေရမည်။
(၆) ရုပ်သေးစင်ကိုရွာဘက်ကျောပေး မဆောက်ရ။
(၇) ရုပ်သေးစင်ပေါ်သို့ အမျိုးသမီး မတက်ရ။
(၈) ရုပ်သေးစင်ပေါ်တွင် မှောက်လျက် မအိပ်ရ။
(၉) အရုပ်ထည့်သောဖာများကို ခြေဖြင့် မကန်မိစေရ။
(၁၀) စင်စီးရုပ်ဖြစ်သည့်ဘိုးတော်ရုပ်၊ ရသေ့ရုပ်များကို စင်၏ခေါင်းရင်း၌ အမြဲချိတ်ထားရမည်။

ဤအချက်များကို မလိုက်နာပါက ခိုက်တတ်သည်ဟုဆိုပါသည်။ ဤကား ဆရာဆင်ဖြူကျွန်းအောင်သိန်းဆောင်းပါး၌ ဖော်ပြထားခြင်းဖြစ်သည်။

**တီထွင်ခဲ့သောရုပ်သေးကြိုးဆွဲအကများ**

ရုပ်သေးကခြင်း သို့မဟုတ် မြန်မာ့ရိုးရာအနုပညာရုပ်သေးအကကို ယနေ့ခေတ်လူငယ်များတွေ့ဖူးကြမည်မဟုတ်ပါ။ အကြောင်းမှာ ရုပ်သေးပွဲများနည်းပါးလာခြင်းကြောင့်ဖြစ်သည်။ ရုပ်မြင်သံကြားမှာကပြသည်ကိုသာ တစ်ခါတစ်ရံ တွေ့ရသည်။ အမြို့မြို့အနယ်နယ်သို့ လှည့်လည်ကပြသည်ကို မတွေ့ရတော့ပေ။ ရုပ်သေးကပြရာတွင် ပွဲဦးထွက်ည၌ နတ်ကတော်ထွက်၍ နောက်ညများမှ အပျိုတော်ထွက်သည်ဟု သိရသည်။ ရုပ်သေးခေတ်တွင် အပျိုတော်အကကို ကြိုးဆွဲရာတွင်ထင်ရှားသူမှာ ပြည်ဦးထွန်းဝင်းဖြစ်သည်။

ရုပ်သေးထွက်ခါနီးတွင် "လေမီးမိုး" ဟု ဆိုင်းကသုံးကြိမ်အော်တီးရသည်ဟုဆိုသည်။ ရုပ်သေးသည် သက်ရှိလူမဟုတ်သဖြင့် ခေါင်း၊ ခါး၊ ခြေ၊ လက်၊ မျက်နှာထားဟူသောအကတွင် ရှိသင့်သည့်အမူအရာပါအောင်ကဖို့ရာလွယ်ကူမည်မဟုတ်ပေ။ သို့သော် ရုပ်သေးရုပ်ကိုသက်ရှိလူနှစ်ဦးကခုန်နေသည့်အလားကြိုးဆွဲကပြခြင်းသည် အံ့မခန်းပညာဖြစ်သည်။ ရုပ်သေးရုပ်အကကိုတီထွင်ရာတွင် ထင်ရှားသူမှာ ကြိုးဆွဲဦးစံမှုံဖြစ်သည်။ ဦးစံမှုံတီထွင်ခဲ့သောအကများမှာ ပန်းကွင်းခုန်အက၊ မီးကွင်းခုန်အက၊ ရွှဲခတ်ခြင်းအက၊ စည်ပိုင်းအက၊ စက်ကြိုးသီးအကတို့ဖြစ်သည်။ ယနေ့ခေတ်မြန်မာ့ဇာတ်သဘင်များတွင် မီးကွင်းအက၊ စည်ပိုင်းအကများကိုတွေ့ရသည်။ ရွှဲခတ်ခြင်းအကမှာ သက်ရှိလူသားတစ်ယောက် ခြင်းပွဲကို ကျွမ်းကျင်စွာခတ်ကစားနေသကဲ့သို့ ကစား၍ကပြခြင်းမျိုးဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ရုပ်သေးရုပ်ကို လူဝိညာဉ်ပူးကပ်၍ ရွှဲခတ်နေသလားဟုပင် ထင်ရသည်။ ဤမျှကြိုးဆွဲကောင်းခဲ့ကြသည်။

**မြန်မာ့ယဉ်ကျေးမှုရုပ်သေးအနုပညာ**

ရှေးယခင်ကစာရေးသူတို့နိုင်ငံတွင် ဗဟုသုတယူစရာ သတင်းစာ၊ ဂျာနယ်ကဲ့သို့အရာများမရှိသေးပေ။ ထို့ကြောင့် ရုပ်သေးပွဲကိုသာ ကြည့်ရှုကြရသည်။ ရုပ်သေးအနုပညာတွင် ဇာတ်ဝင်ခန်းနောက်ခံသည် အလွန်အရေးပါသည်။ ထိုအသံက လူတို့ကိုဖမ်းစားခြင်းဖြစ်သည်။ ထို့ကြောင့် "ရုပ်သေးမှာ အသံ၊ ဇာတ်မှာဟန်" ဟု ပြောစမှတ်ပြုကြဟန်တူပါသည်။ အသံနှင့်ဇာတ်ဝင်ခန်း အံဝင်ခွင်ကျဖြစ်အောင် ကပြရသည်။ ထို့ကြောင့် မြန်မာ့ရုပ်သေးအနုပညာသည် "လွယ်မယောင်နဲ့ခက် တိမ်မယောင်နဲ့နက်ခြင်း" ဖြစ်သည်။

မြန်မာ့ရုပ်သေးပညာသည် ကမ္ဘာကို ဝင်ဆံ့သည်၊ ထို့ကြောင့်မြန်မာ့ရုပ်သေးပညာ မပပျောက်စေရန် မြန်မာ့ရုပ်သေးသဘင်ကို ပြန်လည်ဖော်ထုတ်ခဲ့ကြပြီး ယခုတိုင်ရုပ်သေးပညာကိုထိန်းသိမ်းထားဆဲဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ရုပ်သေးပွဲများကိုကျင်းပခြင်းဖြင့် ရုပ်သေးအနုပညာကို ထိန်းသိမ်းလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**ကိုကျော်စွာ(ကျိုက်ပိ)**

## Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေး ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းလမ်းရှိ မော်လမြိုင်လေဆိပ်၌ ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးအတွက် Screening ပြုလုပ်ခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းပြုလုပ်ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ခြင်းအား မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာဝတ်မှုံ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ၁၅ ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သွင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယုနှင့်အဖွဲ့၊ မြို့နယ်စီမံကိန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တွယ်တာမျိုးမြင့်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲ တပ်ခွဲမှူး ဒေါ်ဇင်မာထွေးနှင့် လေဆိပ်လုံခြုံရေးဝန်ထမ်းများပူးပေါင်း၍ အဖျားတိုင်းခြင်း၊ ကျန်းမာရေး ပိုစတာများကပ်ခြင်း၊ ကျန်းမာရေးဖောင်များ ဖြည့်သွင်းခြင်း၊ Mask များပေးဝေခြင်းတို့ ပြုလုပ်ကြကြောင်း၊ ယခုကဲ့သို့ ကျန်းမာရေးစစ်ဆေးမှုများကို နေ့စဉ်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

## အုတ်တွင်းမြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများထုတ်ပေး

**အုတ်တွင်း ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သာစည်ကျေးရွာ၌ ပထမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများထုတ်ချေးပေးခြင်းကို ဩဂုတ်လ ၂၃ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာမြင့်က စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက သာစည်ကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက သာစည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၅၆ ဦး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၆၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၂ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းမတည်ရန်ပုံငွေကျပ်သန်း ၃၀ ကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာမြင့်ထံမှ သိရသည်။

**ကိုညို(ကျေးလက်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| နေပြည်တော် | ဖုန်း - | ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - | ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ လေ့ခုတ် အ.ထ.က နဝမတန်းတွင် ပညာသင်ကြားနေသော မအိအိမိုး၏ဖခင် ဦးဖိုးကံ၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် ၈/ရစက(နိုင်)၀၅၅၆၈၉ အရ ဦးကံမြင့်ဖြစ်ပါကြောင်း။
**ဦးကံမြင့်**

**ဖခင်အမည်မှန်**
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က သဲကောကြီး၊ Grade-12 မှ ပညာသင်ကြားနေသော မောင်သူရဖြိုး၏ဖခင်အမည်မှန်မှာ ဦးစောဝင်း ၉/လဝန(နိုင်)၁၃၄၆၄၃ ဖြစ်ပါကြောင်း။
**ဦးစောဝင်း**

**ပျောက်ဆုံးကြောင်း**
ဦးစိုင်းရီ(ဘ)ဦးလုံးဆမ် ၁၃/ကတန(နိုင်)၀၅၉၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

**ပျောက်ဆုံးကြောင်း**
လျှိုကျုံးလန်(ဘ)ဦးလျှိုအန်းတုံး ၁၃/တမည(နိုင်)၀၀၇၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၈၂၆၈၅၁၈**

**ပျောက်ဆုံးကြောင်း**
တင်တင်မြင့်(ဘ)ဦးမြို့ ၉/မကန(နိုင်)၀၂၉၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
ပွင့်ဖြူ(ဘ)ဦးမောင်မြင့် ၅/ရဘန(နိုင်)၂၃၇၈၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 216374)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၄၁၀၉၆၆၆**

**ပျောက်ဆုံးကြောင်း**
စိုးပိုင်အောင်(ဘ)ဦးတင်အောင် ၁၃/နဆန(နိုင်)၀၄၉၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၆၄၂၄၃**

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်နေ မောင်ထူး(ဘ)ဦးကျော်သင်း ၉/သစန(နိုင်)၁၃၆၃၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 170280)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**သစ်တောထိန်းသိမ်း**
**တောတွေစိမ်းမှ**
**ငြိမ်းချမ်းပြည်ရွာ**
**နိုင်ငံသာ၏**




**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်နေ အောင်ကျော်(ဘ)ဦးသိန်းမောင် ၉/သစန(နိုင်)၂၂၅၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 170546)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ခင်ဇော်(ဘ)ဦးလှမောင် ၁၂/လမန(နိုင်)၀၃၅၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လှိုင်သာယာ(အရှေ့နှင့် အနောက်)မြို့နယ်၊ ဦးဖိုးလှိုင်လမ်းရှိလမ်းတိုးချဲ့ရာတွင် လွတ်ကင်းမှုမရှိသောထရန်စဖော်မာများနှင့် ကောင်းကင်ဓာတ်အားလိုင်းများအား လမ်းနှင့်လွတ်ကင်းသောနေရာတွင် ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၂၆-၈-၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၀-၉-၂၀၂၄) (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ်-၀၁ ၂၀၈၁၀၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**အစုရှယ်ယာလျှော့ချခြင်း**
"KABAR SERVICES CO.,LTD."၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီတွင် ထည့်ဝင်ထားသော ကျပ်တစ်သိန်းတန် အစုရှယ်ယာပေါင်း(၄၅၀၈)စုမှ အစုရှယ်ယာ(၃၀၀)စုသို့လျှော့ချကြောင်း ကြော်ငြာအပ်ပါသည်။
**KABAR SERVICES CO.,LTD.**
**ဖုန်း-၀၉-၄၂၁၁၂၇၇၄၃**




# ရွှေတောင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးများ ပြန်လည်စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေး

**ရွှေတောင် ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရွှေတောင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးများ ပြန်လည်စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် မင်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၁၉-B)အတွင်းရှိ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးများ ပြန်လည်အစားထိုး စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး တစ်နှစ်သုံးသီးစိုက်လယ်မြေများတွင် သတ်မှတ်ထားသည့်သီးနှံပုံစံအတိုင်း အချိန်မီစိုက်ပျိုးထွက်ရှိနိုင်ရေး အထွက်နှုန်းကောင်းပြီး သက်လျင်စပါးမျိုးများ စိုက်ပျိုးသွားရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၂၁) မင်းရွာကွင်းအတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးများပြန်လည်အစားထိုးစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ရွှေတောင်မြို့ နတ်မော်လျှပ်စစ်မြစ်ရေတင်စက်ရုံသို့ရောက်ရှိရာ စက်ရုံတာဝန်ခံက နှစ်စဉ်နွေစပါး ၁၅၀၀ ဧက စိုက်ပျိုးရေပေးဝေနေမှုနှင့် ရေပေးမြောင်း ပြန်လည်အဆင့်မြှင့်တင်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့သည်။ ရွှေတောင်မြို့နယ်အတွင်း ရေဝတီမြစ်ရေမြင့်တက်မှုနှင့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုတို့ကြောင့်



မိုးစပါးအပါအဝင် မိုးသီးနှံစုစုပေါင်း စိုက်ဧက ၁၂၂၃၄ ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး မိုးစပါးအပါအဝင် မိုးသီးနှံ ၁၀၀၁၈ ဧက ထိခိုက်ပျက်စီးခဲ့ရာ မျိုးစေ့၊ ပျိုးပင်၊ စိုက်ပျိုးရေးကိရိယာများ အချိန်နှင့်တစ်ပြေးညီ ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# ပရီးမီးယားလိဂ်ပွဲစဉ် (၂) စပိန်လာလီဂါပွဲစဉ် (၂)နှင့် ပြင်သစ်လီဂူး ပွဲစဉ် (၂) ပွဲကြိုသုံးသပ်ချက်




## ဝုဗ် Vs ချယ်လ်ဆီး

**ကစားမည့်ရက်/အချိန်**

**(၂၅-၈-၂၀၂၄ ည ၇:၃၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**ချယ်လ်ဆီး ၂ - ၄ ဝုဗ်**

**ဝုဗ် ၂ - ၁ ချယ်လ်ဆီး**

**ဝုဗ် ၁ - ၀ ချယ်လ်ဆီး**

**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **ဝုဗ်** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **ချယ်လ်ဆီး** | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **အိမ်(နိုင်)** |

ဝုဗ်အသင်းက ဒီဘောလုံးရာသီအပြောင်းအရွှေ့ကာလမှာ ကစားသမားကောင်းတွေ လက်လွှတ်ထားရလို့ ကစားသမားအင်အားပိုင်းက ပြီးခဲ့တဲ့ဘောလုံးရာသီကထက်တောင် အင်အားလျော့နည်းနေပါတယ်။ ဝုဗ်အသင်းက ပြီးခဲ့တဲ့အာဆင်နယ်အသင်းနဲ့ပွဲစဉ်မှာလည်း ကစားကွင်းပိုင်းလိုအပ်ချက်တွေရှိပြီး ခံစစ်ကစားသမားတွေကလည်း အမှားအယွင်းများနေလို့ ချယ်လ်ဆီးအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။ ဝုဗ်အသင်းက ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းကို အိမ်ကွင်းရော အဝေးကွင်းမှာပါ နှစ်ကျော့စလုံးအနိုင်ရရှိခဲ့တယ်ဆိုပေမယ့် လက်ရှိကစားသမားစုဖွဲ့မှုပိုင်းမှာတော့ ချယ်လ်ဆီးအသင်းကိုရင်ဆိုင်ဖို့ ခက်ခဲမှာပါ။ ဝုဗ်အသင်းက အသင်းတောင်ပံတိုက်စစ်ပိုင်းမှာလည်း နက်စ်တိုလို အဓိကကစားသမားတစ်ဦးကိုဆုံးရှုံးထားလို့ အထောင်တိုက်စစ်ပိုင်းမှာ လိုအပ်ချက်တွေရှိနေပါတယ်။

ဒီဘောလုံးရာသီ အပြောင်းအရွှေ့ကာလမှာ ဂျာအိုဖီးလစ်၊ နက်စ်တို၊ ကယ်လီမန်း၊ ဂူအီတို့လို ထိပ်တန်းကစားသမားတွေ ခေါ်ယူအင်အားဖြည့်တင်းနိုင်ခဲ့တဲ့ ချယ်လ်ဆီးအသင်းရဲ့ ကစားသမားစုဖွဲ့မှုပိုင်းကတော့ အားရစရာကောင်းနေပါတယ်။ ချယ်လ်ဆီးအသင်းက အဖွင့်ပွဲစဉ်မှာ မန်စီးတီးအသင်းကိုရှုံးနိမ့်ခဲ့လို့ အခုပွဲစဉ်မှာတော့ နိုင်ပွဲစတင်ရယူဖို့ အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိကစားသမားစုဖွဲ့မှုပိုင်းနဲ့ ခြေစွမ်းပိုင်းအရယှဉ်မယ်ဆိုရင်တော့ ဝုဗ်အသင်းက ချယ်လ်ဆီးအသင်းအတွက် ပြိုင်ဘက်ကောင်းအသင်းတော့မဟုတ်ပါဘူး။ လက်ရှိချယ်လ်ဆီးအသင်း ကစားသမားစုဖွဲ့မှုပိုင်းမှာ ခံစစ်၊ ကွင်းလယ်၊ တိုက်စစ်ပိုင်းအင်အားအပြည့်ရှိပြီး အဓိကကစားသမားတွေ ဒဏ်ရာပြန်လည်သက်သာနေပြီဖြစ်လို့ ဝုဗ်အသင်းကို ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်မှာပါ။ ကိုးလ်ပယ်မာ၊ ဂျာအိုဖီးလစ်၊ အန်ကူကူတို့ဦးဆောင်လာမယ့် ချယ်လ်ဆီးအသင်းတိုက်စစ်ပိုင်းကို ဝုဗ်အသင်းခံစစ်ပိုင်းက ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ မဖြစ်နိုင်ပါဘူး။

ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုပိုင်းမှာ ချယ်လ်ဆီးအသင်းက ရှစ်ကြိမ်အနိုင်ရရှိထားပါတယ်။ ဝုဗ်အသင်းက ခြောက်ကြိမ်ပြန်လည်အနိုင်ရရှိထားပြီး လေးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ တွေ့ဆုံမှုပိုင်းမှာတော့ ကွာခြားမှုမရှိပါဘူး။ ဒါပေမဲ့ လက်ရှိကစားသမားစုဖွဲ့မှုပိုင်းမှာတော့ ဝုဗ်အသင်းက ချယ်လ်ဆီးအသင်းကိုရင်ဆိုင်ဖို့ ခက်ခဲနိုင်လို့ ချယ်လ်ဆီးအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဝုဗ် ၁ - ၂ ချယ်လ်ဆီး

## အက်သလက်တီကို Vs ဂီရိုနာ

**ကစားမည့်ရက်/အချိန်**

**(၂၆-၈-၂၀၂၄ နံနက် ၂:၀၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**အက်သလက်တီကို ၃ - ၁ ဂီရိုနာ**

**ဂီရိုနာ ၄ - ၃ အက်သလက်တီကို**

**ဂီရိုနာ ၀ - ၁ အက်သလက်တီကို**

**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **အက်သလက်တီကို** | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **ဂီရိုနာ** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(သရေ)** |

အဖွင့်ပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး သရေရလဒ်သာရရှိခဲ့တဲ့ အက်သလက်တီကိုအသင်းက အခု အိမ်ကွင်းပွဲစဉ်မှာတော့ အမှားခံမှာမဟုတ်ပါဘူး။ အက်သလက်တီကိုအသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေလို့ အခုပွဲစဉ်မှာလည်း အိမ်ကွင်းမှာ ဂီရိုနာအသင်းကို ပွဲချိန်ပြည့် ဖိအားပေးကစားနိုင်မှာပါ။ အက်သလက်တီကိုအသင်းက ဒီဘောလုံးရာသီအပြောင်းအရွှေ့ကာလမှာ အယ်ဗာရက်ဇ်၊ ဂယ်လာဟာ၊ ဆိုလော့၊ ပေါ်လက်စတာ စတဲ့ထိပ်တန်းကစားသမားတွေ ခေါ်ယူအင်အားဖြည့်တင်းထားလို့ ကစားသမားအင်အားပိုင်းက ပြီးခဲ့တဲ့ရာသီကထက် တောင့်တင်းမှုရှိနေပါတယ်။ လက်ရှိအက်သလက်တီကိုအသင်းရဲ့ ကစားသမားစုဖွဲ့မှုပိုင်းနဲ့ ခြေစွမ်းပိုင်းအရကတော့ အိမ်ကွင်းမှာ ဂီရိုနာအသင်းကို အနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ လက်ရှိ အက်သလက်တီကိုအသင်းတိုက်စစ်ပိုင်းမှာလည်း ဂရစ်မန်းဇ်နဲ့ အယ်ဗာရက်ဇ်တို့ရှိနေလို့ သွင်းဂိုးတွေရယူနိုင်ဖို့ကလည်း ခက်ခဲမှာမဟုတ်ပါဘူး။

ပြီးခဲ့တဲ့ဘောလုံးရာသီက အံ့အားသင့်ဖွယ်ရလဒ်တွေရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့တဲ့အထိ ပုံစံကောင်းပြသနိုင်ခဲ့တဲ့ ဂီရိုနာအသင်းက ဒီဘောလုံးရာသီအပြောင်းအရွှေ့ကာလမှာ အဓိက ကစားသမားတွေဖြစ်တဲ့ ဗစ်တာ၊ ဒွေါဘိုက်နဲ့ ဆာဗီယိုတို့လို ထိပ်တန်းကစားသမားတွေကို လက်လွှတ်ထားရလို့ အသင်းကစားသမားအင်အားပိုင်းက သိသိသာသာအားနည်းလာခဲ့ပါတယ်။ ဂီရိုနာအသင်းမှာ ပြီးခဲ့တဲ့ဘောလုံးရာသီက သွင်းဂိုးအများအပြားသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ကြတဲ့ ဒွေါဘိုက်နဲ့ ဆာဗီယိုတို့ကို ဆုံးရှုံးထားရတဲ့ အသင်းတိုက်စစ်ပိုင်းအတွက် အင်အားနည်းခဲ့ရပါတယ်။ အဓိက ကစားသမားတွေကို လက်လွှတ်ခဲ့ရလို့ ဂီရိုနာအသင်းအတွက် ရလဒ်ပိုင်းတွေပါ ထိခိုက်လာပြီး ရာသီကြိုခြေစမ်းပွဲတွေမှာလည်း ရလဒ်ပိုင်းမတည်မငြိမ်နဲ့ ရုန်းကန်ခဲ့ရပါတယ်။

လက်ရှိ ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုပိုင်းမှာ အက်သလက်တီကိုအသင်းက လေးကြိမ်အနိုင်ရရှိခဲ့ပါတယ်။ ဂီရိုနာအသင်းက တစ်ကြိမ်သာအနိုင်ရရှိပြီး ငါးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းရော ကစားသမားစုဖွဲ့မှုပိုင်းပါ အသာစီးမှာရှိနေတဲ့ အက်သလက်တီကိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - အက်သလက်တီကို ၂ - ၀ ဂီရိုနာ

## မာဆေးလ် Vs ရိမ်း

**ကစားမည့်ရက်/အချိန်**

**(၂၆-၈-၂၀၂၄ နံနက် ၁:၁၅ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**ရိမ်း ၁ - ၀ မာဆေးလ်**

**မာဆေးလ် ၂ - ၁ ရိမ်း**

**ရိမ်း ၁ - ၂ မာဆေးလ်**

**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

| | | | |
|---|---|---|---|
| **မာဆေးလ်** | **အိမ်(သရေ)** | **ဝေး(နိုင်)** | **ဝေး(နိုင်)** |
| **ရိမ်း** | **ဝေး(သရေ)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

မာဆေးလ်အသင်းက ဒီဘောလုံးရာသီမှာ နည်းပြသစ်အဖြစ် ဒီဇာဘီကိုခန့်အပ်ထားသလို ကစားသမားကောင်းတွေကိုပါ ခေါ်ယူထားလို့ ပြင်သစ်လီဂူးပြိုင်ပွဲ ချန်ပီယံဆုအတွက်တောင် မျှော်လင့်လို့ရတဲ့အနေအထားမှာ ရှိနေပါတယ်။ မာဆေးလ်အသင်းက နည်းပြသစ် ဒီဇာဘီလက်အောက်မှာ ရလဒ်တွေဆက်တိုက်ကောင်းမွန်နေပြီး အဖွင့်ပွဲစဉ်မှာလည်း ဂိုးပြတ်နိုင်ပွဲရယူထားနိုင်လို့ ပုံစံကောင်းတစ်ရပ်ပြသနိုင်ခဲ့ပါတယ်။ မာဆေးလ်အသင်းက ဒီဘောလုံးရာသီအပြောင်းအရွှေ့ကာလမှာ ဂရင်းဝုဒ်၊ ဟော့ဂျက်၊ ရှုလီတို့လို ထိပ်တန်းကစားသမားတွေခေါ်ယူနိုင်ခဲ့တာက အသင်းကစားသမားစာရင်းအင်အားပိုင်းမှာ ပိုမိုတောင့်တင်းမှုရှိလာပါတယ်။ အသစ်ခေါ်ယူထားတဲ့ ဂရင်းဝုဒ်ကလည်း အသင်းနဲ့အတူ ပထမဆုံးပွဲစဉ်မှာတင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ဂိုးတွေသွင်းယူနေလို့ ရိမ်းအသင်းခံစစ်ကစားသမားတွေအတွက် ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ လွယ်ကူမှာမဟုတ်ပါဘူး။

ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရတဲ့ ရိမ်းအသင်းအတွက် အဝေးကွင်းမှာ မာဆေးလ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ကတော့ မဖြစ်နိုင်ပါဘူး။ လက်ရှိအပြောင်းအရွှေ့ကာလမှာ ကစားသမားနှစ်ဦးတည်းသာခေါ်ယူထားတဲ့ ရိမ်းအသင်းအတွက် ပြီးခဲ့တဲ့ဘောလုံးရာသီက ကစားသမားစာရင်းအတိုင်းသာ ရှိနေပါတယ်။ လက်ရှိ ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာလည်း ရိမ်းအသင်းအတွက် မာဆေးလ်အသင်းကို သရေရလဒ်တောင် မျှော်လင့်ဖို့မဖြစ်နိုင်ပါဘူး။

ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုပိုင်းမှာ မာဆေးလ်အသင်းက ကိုးကြိမ်အနိုင်ရရှိထားပြီး ရိမ်းအသင်းကတော့ ငါးကြိမ်ပြန်လည်အနိုင်ရရှိခဲ့တယ်ဆိုပေမယ့် လက်ရှိ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးလ်အသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

ခန့်မှန်းရလဒ် - မာဆေးလ် ၃ - ၁ ရိမ်း

## ပရီးမီးယားလိဂ်ပွဲစဉ်(၂)

| | | |
|---|---|---|
| ဘုန်းမောက်စ် | - | **နယူးကာဆယ်** |
| **လီဗာပူး** | - | ဘရန့်ဖို့ဒ် |

## စပိန်လာလီဂါပွဲစဉ်(၂)

| | | |
|---|---|---|
| **ရီးယဲလ်မက်ဒရစ်** | - | ဗယ်လာဒိုလစ် |
| **လီဂါနက်** | - | လက်စ်ပါးမက်စ် |
| အလာဗက် | - | **ဘတ်တစ်** |

## ပြင်သစ်လီဂူးပွဲစဉ်(၂)

| | | |
|---|---|---|
| လန်း | - | **ဘရက်** |
| **နန့်တက်** | - | အော်ဇေး |
| **နိုက်** | - | တူးလော့ |
| စထရာဘော့ | - | **ရင်းနက်** |

**စည်သူအောင်**



# ယာယီနေရပ်စွန့်ခွာပြည်သူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ထောက်ပံ့ပစ္စည်းများပေးအပ်



နိုလမ် ဩဂုတ် ၂၄

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နိုလမ်မြို့နယ်အတွင်းသို့ ခေတ္တတိမ်းရှောင်ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူများသည်ယမန်နေ့နံနက်ပိုင်းက သွားရောက်တွေ့ဆုံအားပေးစကားပြောကြား၍လိုအပ်သည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် နယ်မြေခံတပ်၌ ပြည်သူ့စစ်(ဌာနေ)အဖွဲ့များအား သွားရောက်တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများပေးအပ်ရာ (ဌာနေ) ပြည်သူ့စစ်အဖွဲ့(၇)ဖွဲ့မှတာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နမ့်စန်မြို့နယ် နေကြာသီးနှံမျိုးသန့်ပွားနှင့် စံပြကွက်စိုက်တောင်သူများအား သီးနှံမျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲတက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကိုဖြည့်ဆည်းပေးရန်နှင့် ပြည်ပမှစားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်ရေးအတွက် ရှမ်းပြည်နယ်ကို မြန်မာနိုင်ငံ၏ တတိယဆီအိုးကြီးအဖြစ် အကောင်အထည်ဖော်ရန် ဆီထွက်သီးနှံ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးကို စီမံချက်တစ်ခုအနေဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ် ဆီဖူလုံရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီအတွင်း ဆီထွက်သီးနှံစုစုပေါင်း မြေဧရိယာ ၄၁၃၈၅၁ ဧက စိုက်ဧကနှင့် ဆီဖူလုံမှုရာခိုင်နှုန်းမှာ ၇၉ ဒသမ ၁၅ ရာခိုင်နှုန်း ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

ထို့နောက်ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးကိုယ်စား ဒုတိယပြည်နယ်ဦးစီးမှူး ဦးငြိမ်းထွန်းက နေကြာသီးနှံမျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက နမ့်စန်မြို့နယ် နေကြာသီးနှံမျိုးသန့်ပွားနှင့် စံပြကွက်စိုက်ပျိုးထုတ်လုပ်မည့် တောင်သူများထံ သီးနှံမျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာများကိုပေးအပ်ရာ နေကြာသီးနှံစိုက်တောင်သူများက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သီးထပ်သီးညှပ် စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းအတွင်း ယာစပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ မြေပဲ၊ ပဲပုပ်၊ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နမ့်စန်မြို့နယ် ဝမ်ပိန်းကျေးရွာအုပ်စု ပန်လင်းဆိုင်ရွာ ငွေငါးကန်၌ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့တက်ရောက်၍ မြက်စားငါးကောင်ရေ ၆၂၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၂၅၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၃၅၀၀၊ ငါးကြင်းဖြူကောင်ရေ ၂၄၀၀၊ ငါးခုံးမကောင်ရေ ၁၀၀၀၀ စုစုပေါင်းကောင်ရေ ၃၄၆၀၀ ငါးမျိုးစိုက်ထည့်ပေးကြသည်။

၎င်းနောက် နယ်မြေခံဆေးရုံသို့သွားရောက်ကာ ဆေးရုံတက်ရောက်ကုသနေသော ပြည်သူများကို အားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးရုံအတွက်ထောက်ပံ့ငွေပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ခရမ်းမြို့နယ်ရှိ အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မိုင်းတုံမြို့ရှိ ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌ စာသင်ကျောင်းများ အတွင်း/အပြင်ရှိချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးများခတ်ပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမြို့ရှိ ပြည်သူ့ဆေးရုံ၌ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Htet Nandar Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ပေါက်တိုင်းကျေးရွာနေ ထက်နန္ဒာလွင်အား ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Min Min Khant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ မင်းမင်းဦး(ခ)ထွန်းထွန်းလင်းအား ညနေ ၅ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Nay Moe Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ ကျော်ဇေယျ(ခ)နေမိုးလွင်အား ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Kaung Htet Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ရေထွက်ကျေးရွာနေ ကောင်းထက်မိုး(ခ)ကောင်းကြီးအား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။


အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။


စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရွှာသာကြီး Dry Port ၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ကုန်သေတ္တာ
စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၂၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan–D အားဖြည့်အချိုရည်ပုလင်း(၉၀၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၂၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် LK 995 Silicone Sealant ကီလိုဂရမ်(၆၄၀)၊ Plastic Scraps ကီလိုဂရမ် (၃၀၇၂၀)၊ Happy Rose Tissue ကီလိုဂရမ် (၂၇၆၁၂ ဒသမ ၅၀)၊ စိုက်ပျိုးရေးသုံးဖျန်းဆေးဘူး (၁၂၅) ဘူးနှင့် Porcelain Tiles (၅၅၈ ဒသမ ၇၂) စတုရန်းမီတာအပါအဝင် ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၇၀၅၃၅၇) ကိုလည်းကောင်း၊ ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ကုမ္ပဏီမှ စွန့်လွှတ်ကြောင်းတင်ပြလာသော ဓာတုပစ္စည်းများဖြစ်သည့် Attenuzyme Pro Glucoamylase Glucan (၇၅)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၆၅၀၀)ကိုလည်းကောင်း၊ ရွှာသာကြီး Dry Port ၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Elephant Gypsum Board ကီလိုဂရမ် (၂၀၀၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၈၄၇၅၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၅၃၆၆၁၅)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၂ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပလိပ်မြို့၊ မြို့အဝင် BOC ဆီဆိုင်အနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ခရီးဆောင်အိတ်(၂၅)လုံး၊ ထိုင်းနိုင်ငံထုတ် M–150 အားဖြည့်အချိုရည် (၁၇၅၅) ဘူး အပါအဝင်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၂၃၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၂၃၇၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၃ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယင်းမာပင်မြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၅၀)၊ ရေနံချက်ဆီ ဂါလန် (၁၇၉၅၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ်လ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၀၆၀၃၆၅)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၇၅ | ၃၀၅၅ | ၃၀၃၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၀ | ၃၀၃၅ | ၃၁၆၅ | ၃၁၉၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၉၅ | ၃၀၈၀ | ၃၀၉၅ | ၃၄၉၅ | ၅၈၀၀ |
| 95 Ron | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၅ | ၃၂၀၀ | ၃၂၁၀ | ၃၂၂၅ | ၃၁၇၅ | ၃၃၀၅ | ၃၃၃၅ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၅ | ၃၂၂၀ | ၃၂၃၅ | ၃၆၄၀ | ၆၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၂၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၅၈၀၀ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၀၉ |
| 95 Ron | ၂၉၅၅ | ၃၀၄၈ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၃၀၃၇ | ၃၁၂၈ |
| HSD (10 ppm) | ၃၀၃၇ | ၃၁၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**



MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေသြဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com




Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Phone No : (01) 2301367, 2301368, 2301452, 2301378
လုံခြုံလျှို့ဝှက်ဆောင်ရွက်မြန်မှန် မြဝတီဘဏ်




ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO PORTLAND CEMENT
RHINO CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။


(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံးမျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကိုတည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သော (၄၉)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၄ ကော်လံ ၄ ⏭

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲဆက်လက်ကျင်းပ

စာ - ၁၂ သို့



## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။ (မိုး/ဇလ)

## စနေနေ့ည ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၂)**

| | | |
|---|---|---|
| ဘရိုက်တန် | ၂ - ၁ | မန်ယူ |
| ခရစ္စတယ်ပဲလေ့ | ၀ - ၂ | ဝက်စ်ဟမ်း |
| ဖူလ်ဟမ် | ၂ - ၁ | လက်စတာ |
| မန်စီးတီး | ၄ - ၁ | အစ်ပ်စ်ဝှစ်ချ် |
| ဆောက်သမ်တန် | ၀ - ၁ | နော်တင်ဟမ် |
| စပါး | ၄ - ၀ | အဲဗာတန် |

**ပြင်သစ်လီဂူးဝမ်း ပွဲစဉ်(၂)**

| | | |
|---|---|---|
| ပီအက်စ်ဂျီ | ၆ - ၀ | မောင့်ပယ်လီယာ |
| လိုင်ယွန် | ၀ - ၂ | မိုနာကို |

**စပိန်လာလီဂါ ပွဲစဉ်(၂)**

| | | |
|---|---|---|
| ဆီဗီလာ | ၁ - ၂ | ဗီလာရီးယဲလ် |
| အိုဆာဆူနာ | ၁ - ၀ | မာယော့ကာ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁)**

| | | |
|---|---|---|
| ဂလာဘတ် | ၂ - ၃ | လေဗာကူဆင် |
| အော့စ်ဘတ် | ၂ - ၂ | ဝါဒါဘရီမင် |

# စစ်တောင်းမြစ်၊ သံလွင်မြစ်ရေကြီးမှုနှင့် စိုးရိမ်ရေမှတ်၌တည်ရှိနေမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်

စာမျက်နှာ ၂၄ ကော်လံ ၁ ●

